# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 14 February 2022 ၁၀၆၄၉


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တစ်ပါးသူများကို လိုအပ်သည်ထက် ပိုမိုအားကိုးနေခြင်းထက် မိမိကိုယ်ကိုရပ်တည်ပြီး ကြိုးစားဆောင်ရွက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်း၏အားဖြင့်သာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်

## မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

### ယနေ့ ဖတ်စရာ


**ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များ ပြသပေးနေမှုနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးမှုအပေါ် ပြည်သူများ၏ ဝမ်းသာပီတိစကားသံများ**
စာမျက်နှာ » ၅

**ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီမဟုတ်ပါ**
ဆောင်းပါး စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၇၃ ဦး တွေ့ရှိ၊ ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ ၇ ဒသမ ၀၆ ရာခိုင်နှုန်းရှိ**
စာမျက်နှာ » ၂၂

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေး မပေါ့မဆအလေးထားလိုက်နာ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းဖြစ်သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ရောဂါပိုးစတင်တွေ့ရှိခဲ့ပြီး ယင်းနှစ် ဇူလိုင်လတတိယပတ်နှင့် စက်တင်ဘာလ ပထမပတ် ဒုတိယလှိုင်းကာလတွင် တစ်ရက်လျှင် ပျမ်းမျှပိုးတွေ့ဦးရေ လူ ၅၀၀၀ ကျော်ခန့် (၄၁ ရာခိုင်နှုန်း) အထိ ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလတွင် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှု လျင်မြန်စွာ ဖြစ်ပွားမှုကို အစွမ်းကုန်ကြိုးပမ်းထိန်းချုပ်နိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ စတုတ္ထလှိုင်း ဖြစ်ပွားနေသောကာလတွင် မြန်မာနိုင်ငံအနေဖြင့် "လက်တွေ့ကျကျ၊ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" မူဝါဒကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့ပြီး သက်ဆိုင်သူများအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နေ့မနားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မကြာသေးမီကာလတွင် မြို့နယ်အားလုံးအား ကိုဗစ်-၁၉ ကန့်သတ်ချက်များ ဖယ်ရှားပေးခဲ့ပြီး ပြည်သူလူထု ပုံမှန်နေထိုင်လုပ်ကိုင်နိုင်မှုဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်ရှိသည့် ကျန်းမာရေးလူ့စွမ်းအား၊ ငွေကြေးအင်အားများကို အစွမ်းကုန်စိုက်ထုတ်၍ ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတကာအနှောင့်အယှက်အချို့နှင့် ပြည်တွင်းမှ အကြမ်းဖက်အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို ကျော်လွှားပြီး ညီညွတ်မှု၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုနှုန်းမှာ နေ့စဉ်ပျမ်းမျှ တစ်ရာခိုင်နှုန်းဝန်းကျင်သာရှိတော့သည့်၊ ထိန်းချုပ်နိုင်သည့်အခြေအနေကောင်းတစ်ခုသို့ ရောက်လာခဲ့သည်။

သို့သော် ကမ္ဘာပေါ်၌ ၂၀၂၁ ခုနှစ်ကုန်ခန့်တွင် ကိုဗစ်-၁၉ ရောဂါ၏ အိုမီခရွန်ရောဂါပိုး မျိုးကွဲသစ်ကို တွေ့ရှိလာခဲ့ပြီး မြန်မာနိုင်ငံ၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား စစ်ဆေးခဲ့ရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အိုမီခရွန်ရောဂါပိုးရှိသူ စတင်တွေ့ရှိခဲ့သည်။ အိုမီခရွန်ရောဂါပိုးတွေ့သူများကို သီးခြားကန့်သတ်ထားရှိ ကုသဆောင်ရွက်ပေးခဲ့ပြီး ရောဂါပိုးသစ် ထပ်မံတွေ့ရှိသူများကို အထူးဂရုစိုက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလဆန်း ၆ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု တစ်ရာခိုင်နှုန်းဝန်းကျင်ဖြင့် တန်းနေခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နှစ်ရာခိုင်နှုန်းကျော်ဖြစ်လာခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပိုးတွေ့သူဦးရေတစ်ထောင်ကျော်ဖြင့် ငါးရာခိုင်နှုန်းခန့်ဖြစ်လာခဲ့သည်။ ထိုမှ ပိုးတွေ့ရာခိုင်နှုန်းများ တဖြည်းဖြည်းတက်လာခဲ့ပြီး ယခုအခါ ပိုးတွေ့နှုန်း ငါးရာခိုင်နှုန်းကျော်လာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါနှင့် အိုမီခရွန်မျိုးကွဲသစ် ရောဂါပိုးတွေ့ရှိမှုများမှာ နေ့စဉ်တိုးတက်နေသော်လည်း ထူးခြားမှုမှာ ရောဂါကြောင့် အသက်သေဆုံးသူမရှိခြင်းဖြစ်သည်။ သို့သော် ရောဂါပိုးတွေ့ရှိမှုမှာ နေ့စဉ်အတက်ဘက်သို့ရောက်လာသဖြင့် အထူးသတိထားဆင်ခြင်နေထိုင်လုပ်ကိုင်ကြရန် လိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းကျဆင်းလာသဖြင့် ပုံမှန်အခြေအနေဘဝ၌ နေထိုင်လုပ်ကိုင်နေသောအချိန်တွင် ရောဂါဖြစ်ပွားမှု အတက်ဘက်တွင်ရှိနေသဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်- ၁၉ ဗီဇမျိုးကွဲ အိုမီခရွန်နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်စစ်ဆေးကုသပေးလျက်ရှိပါသည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ခြင်း၊ အသွားအလာကန့်သတ် သီးခြားထားရှိခြင်း၊ အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇမျိုးကွဲ အိုမီခရွန်ကူးစက်မှုမှ ကာကွယ်ရေးအတွက် ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရှိသူများကို နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသူများကို ကာကွယ်ဆေးထိုးဌာနများသို့ ဆက်သွယ်ပေးပို့ခြင်းတို့ကို မမေ့မလျော့ မပေါ့ဆသောသတိဖြင့် လုပ်ကိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဌာနခွဲတွင် သီတင်းသုံးလျက်ရှိသော သင်ကြား/စီမံ ဆရာတော်များနှင့် ပြည်တွင်း/ ပြည်ပ သာသနာပြုကြမည့် သံဃာတော် ၄၆၂ ပါးအား ကမ္ဘာအေးဘုရား မိုးကုတ်ဆွမ်းစားဆောင်၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီတွင် နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်





### ကျောင်းကုန်းမြို့၌ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲ ကျင်းပ

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ကဗျာရွတ်ဆိုပွဲသို့ လူမှုဝန်ထမ်းနေ့ကလေးထိန်းကျောင်းမှ ကလေးငယ်များနှင့် ဘဝရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကလေးငယ်များပါဝင်ခဲ့ကြပြီး ကဗျာရွတ်ဆိုပွဲအပြီးတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့်အဖွဲ့က ဦးထုပ်များ၊ မုန့်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

### မြစ်ကြီးနားမြို့နယ်ရှိ သမဝါယမအသင်း နှစ်သင်းက အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ခေမာသီရိရပ်ကွက်ရှိ ရွှေနန်းသစ်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်)က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၆၁၂၂၅၇၀ ကိုလည်းကောင်း၊ ရှမ်းစုတောင်ရပ်ကွက်ရှိ အေးငြိမ်းချမ်းသာ ဂျီအီးစီပညာရေး ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်)က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးငွေ ၃၂၈၅၁၁၇ ကျပ်ကို လည်းကောင်း အသင်းသားပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

### ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(လွယ်ဂျယ်၊ ချင်းရွှေဟော်)၌ ကုမ္ပဏီခုနစ်ခုတို့မှ နှာခေါင်းစည်း ကီလိုဂရမ် ၄၆၄၀၀၊ Vitamin C Injection အခု ၈၀၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန - | ဒေါ်အိအိမွန် |
| ဘာသာပြန် - | ဦးနိုင်လင်းကြည်၊ | စာပြင် - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း - | ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်ပေးသွားမည်

❒ ရှေ့ဖုံးမှ
တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအခါသမယသည် မင်္ဂလာရှိသည့် ကာလတစ်ခုဖြစ်ပြီး စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို သိုက်သိုက်ဝန်းဝန်းဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အခမ်းအနားသို့ ဧည့်ပရိသတ်များမပါ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းစုစုပေါင်း ၁၀၄၀၀ ကျော်က အခမ်းအနားတက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အခက်အခဲများကြားမှပင် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးချုပ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ ဝန်ကြီးဌာနများအနေဖြင့်လည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ အခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် နိုင်ငံ့ဝန်ထမ်းများအားလုံး တက်ကြွပျော်ရွှင်စွာ စည်းစည်းလုံးလုံးဖြင့် အပင်ပန်းခံ၍ အလေးထားဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကြီးကို အားလုံးက ညီညွတ်စွာစုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင်မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ချိန်နည်းပါးခဲ့သော်လည်း အားလုံး၏ ညီညွတ်စွာဖြင့် စုပေါင်းလုပ်ဆောင်မှုများကြောင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ညီညွတ်သည့်စုပေါင်းစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ညီညွတ်စွာဖြင့် စုပေါင်းတိုင်ပင် လုပ်ဆောင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်နိုင်မည်ဆိုသည့်အတိုင်း စားသောက်ရေးအဆင်ပြေမှသာ ကျန်းမာပြီး အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏လုပ်ငန်းစဉ်အဖြစ် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံ၏နေအင်အား တိုးတက်လာချိန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏ လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားအားလုံးပါဝင်သည့် စုစည်းညီညွတ်သည့် ကာကွယ်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ကို မိမိအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း၊ တစ်ပါးသူများကို လိုအပ်သည်ထက် ပိုမိုအားကိုးနေခြင်းထက် မိမိကိုယ်ကို ရပ်တည်ပြီး ကြိုးစားဆောင်ရွက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်း၏အားဖြင့်သာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လူသားအရင်းအမြစ်များ ပေါများ**

မိမိတို့နိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး လူဦးရေ ၅၅ သန်းကျော်နေထိုင်၍ အသက် ၁၈ နှစ်အထက် လူဦးရေ ၃၇ သန်းကျော်ခန့်ရှိသဖြင့် လူသားအရင်းအမြစ်များ ပေါများကြောင်း၊ အလားတူ မြေပေါ်မြေအောက်သယံဇာတများ များစွာရှိပြီး စက်မှုလုပ်ငန်းနှင့် ဆက်စပ်နေသည့် တွင်းထွက်ပစ္စည်းများ နေရာအနှံ့တွင်ရှိကြောင်း၊ စိုက်ပျိုးမြေများလည်း များစွာရှိသကဲ့သို့ သဘာဝမှပေးထားသည့် အဖိုးတန် မြေပေါ်သယံဇာတများလည်းရှိကြောင်း၊ အဆိုပါ မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ချင်းပြည်နယ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရာသီဥတုပြင်းထန်ခြင်း၊ စိုက်ပျိုးမြေရှားပါးခြင်း စသည့် အခက်အခဲများရှိပြီး သစ်တောနှင့် သယံဇာတထွက်ရှိမှုမှာလည်း နည်းပါးကြောင်း၊ အလားတူ ကယားပြည်နယ်သည်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး နေထိုင်သည့် လူဦးရေနည်းပါးကြောင်း၊ သယံဇာတအနည်းငယ်ထွက်ရှိသော်လည်း အခြားပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ခက်ခဲမှုများရှိနေဆဲဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ပညာရေး၊ ကျန်းမာရေး စသည့်နယ်ပယ်များတွင် ခက်ခဲမှုများရှိနေပါကြောင်း၊ ထိုသို့ အခက်အခဲများရှိနေသည့် ပြည်နယ်များကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ရေခံမြေခံကောင်းမွန်သဖြင့် ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ်ပြီး အချို့ပြည်နယ်များတွင် ပညာရေးအရ အားနည်းသဖြင့် လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးအားနည်းချက်များ ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံမတည်ငြိမ်မှု၊ သွားလာရေးခက်ခဲမှု၊ ဘာသာစကားအခက်အခဲဖြစ်မှု၊ မိဘများအားဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမှု၊ ပညာသင်ကြားရန် ငွေကြေးမတတ်နိုင်မှုများကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်နယ်များ၏ ပညာရည်မြှင့်တင်ရေးအတွက် လတ်တလောကာလတွင် ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ပညာသင်ကြားရေးသည် ပထမဦးစားပေးဖြစ်**

၁၉၈၈ ခုနှစ်အရေးအခင်းကာလတွင် စာသင်ကျောင်းများကို သုံးနှစ်ခန့် ပိတ်ထားခဲ့ရသဖြင့် ပညာရေးတွင် နောက်ကျခဲ့ရကြောင်း၊ လတ်တလောကာလတွင်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရပြီး ယခုအခါ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင် စာရင်းသွင်းထားသူ ကျောင်းသားကျောင်းသူပေါင်း ၉၀ ရာခိုင်နှုန်းနီးပါးခန့် တက်ရောက်ပညာသင်ကြားလျက်ရှိသော်လည်း မျှော်မှန်းထားသည့် ကျောင်းတက်ရာခိုင်နှုန်းထက် နည်းပါးသည်ကိုတွေ့ရှိရကြောင်း၊ အချို့ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှု၊ ပညာရေးဝန်ထမ်းများ လျော့နည်းမှုနှင့် ခြိမ်းခြောက်ခံရမှုတို့ကြောင့် ပညာသင်ကြားနိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာသင်ကြားရေးသည် ပထမဦးစားပေးဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာနှင့် အသိပညာရရှိရန် လွယ်ကူမည်ဖြစ်သဖြင့် ပညာသင်ကြားမှုသည် လူတစ်ဦးချင်းအတွက် မဖြစ်မနေအရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်နှင့် ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဦးစားပေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အားပေးကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများရှိပါကလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် လေ့ကျင့်ပေးထားသည့် ဝန်ထမ်းများဖြစ်သဖြင့် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး တိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသဖြင့် အများအားဖြင့် ရှက်တတ်ကြောက်တတ်မှုရှိကြောင်း၊ အဆိုပါအားနည်းချက်ကို အခွင့်ကောင်းယူအသုံးချ၍ အကြောင်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ဆောင်ရွက်ခြင်းများ ပြုလုပ်၍ အနိုင်ကျင့် ဆောင်ရွက်မှုများရှိသဖြင့် မိမိတို့အနေဖြင့် ကာကွယ်ဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ဆရာ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ ချီးမြှင့်ပေးလျက်ရှိပြီး ဆက်လက်၍လည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများ၏ လက်ဦးဆရာများဖြစ်ကြကြောင်း၊ ထို့ကြောင့် အာစရိယဂုဏောအနန္တော ဆိုသည့်အတိုင်း အာစရိယဂုဏ်ကို အသိအမှတ်ပြု၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများသည် ဝါသနာ၊ အနစ်နာ၊ စေတနာ စသည့် နာသုံးနာဖြင့် ကျောင်းသား ကျောင်းသူများကို ပညာတတ်များဖြစ်စေရေး သင်ကြားပေးနေကြခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ❒

❖ **မိမိတို့အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်ဖြစ်၊ အူမတောင့်မှ သီလစောင့်နိုင်မည်ဆိုသည့်အတိုင်း စားသောက်ရေးအဆင်ပြေမှသာ ကျန်းမာပြီး အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏လုပ်ငန်းစဉ်အဖြစ် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်**

❖ **ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်**

❖ **တတိယအချက်အနေဖြင့် နိုင်ငံ၏ နေအင်အား တိုးတက်လာချိန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်**

❍ **စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကြီးကိုအားလုံးမှ ညီညွတ်စွာ စုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင်မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့**

❍ **ကြိုတင်ပြင်ဆင်ချိန်နည်းပါးခဲ့သော်လည်း အားလုံး၏ ညီညွတ်စွာဖြင့် စုပေါင်းလုပ်ဆောင်မှုများကြောင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်၊ ယခုကဲ့သို့ ညီညွတ်သည့်စုပေါင်းစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ညီညွတ်စွာဖြင့် စုပေါင်းတိုင်ပင်လုပ်ဆောင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်**

❐ စာမျက်နှာ ၃ မှ

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မျှော်မှန်းသက်တမ်းမှာ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှသာအလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာဝင်အများစုရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြကြောင်း၊ ထို့ပြင် မြေသယံဇာတနှင့် ရေသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးကောင်းမွန်စေရန် အသိနှင့်ယှဉ်သည့် နေထိုင်စားသောက်မှုများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများ ရှိရန်လိုကြောင်း၊ အသိနှင့်ယှဉ်၍ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်နိုင်ရန်အတွက် ပညာရည်မြင့်မားမှုရှိရန်လိုကြောင်း၊ ပညာရေးနိမ့်ကျမှုများကြောင့် လူတစ်ဦးနှင့်တစ်ဦး၏ လူမှုစီးပွားဘဝများ ကွာခြားလာခြင်းဖြစ်သဖြင့် အနိမ့်ဆုံးအဆင့် အလယ်တန်းအောင်မြင်အောင် ဆောင်ရွက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် ပညာရေးအခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။

**CDM ပြုလုပ်သူ များစွာရှိ**

ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်လည်း ပြည်သူလူထု၏ ကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ပြီး ယခုနိုင်ငံရေးဖြစ်စဉ်တွင် CDM ပြုလုပ်သူများ များစွာရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၅ ခုနှစ်ခန့်မှစ၍ မွေးထုတ်ပေးလိုက်သည့် ဆေးတက္ကသိုလ်အသီးသီးမှ ကျောင်းဆင်း ဆရာဝန်များ များစွာရှိပြီး ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝင်ရောက်ထမ်းဆောင်ပါက အင်အားအရ လုံလောက်သည်ထက်ပင် ပိုမိုသည့် အင်အားရှိပါကြောင်း၊ သို့ရာတွင် အများစုမှာ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ခြင်းထက် ကိုယ်ပိုင်ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ ဆောင်ရွက်နေကြခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်ချက်များဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရ တပ်မတော်မှ ဆရာဝန်များကို တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်ပေးခဲ့ချိန်တွင်လည်း ကန့်ကွက်မှုများရှိခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် တပ်မတော်မှ ဆရာဝန်များ စေလွှတ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကို သစ္စာရှိစွာဖြင့် ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လေးနက်စွာ အသိအမှတ်ပြုပါကြောင်း၊ CDM ပြုလုပ်သွားသည့် ကျန်းမာရေးဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်းမာရေးကောင်းမွန်ပါက ပညာသင်ကြားရေးနှင့် အလုပ်လုပ်ကိုင်ဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည် နေထိုင်နိုင်ရန်လိုကြောင်း။

ကိုယ်လက်လှုပ်ရှား အားကစားနှင့်ပတ်သက်၍လည်း ခေတ္တခဏသာပြုလုပ်ခြင်းထက် အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဓိကအားဖြင့် တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်းဆောင်ရွက်ပါက ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုကြောင်းကို ကျန်းမာရေးပညာရှင်များ၏ ပြောကြားချက်အရသိရှိရကြောင်း၊ အလားတူ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှ လျှော့ချ ဆောင်ရွက်ရန်လိုကြောင်း၊ အစားအသောက်နှင့်ပတ်သက်၍လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်မှုများရှိရန်အတွက် မိမိတို့ကိုယ်တိုင် ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ ပြည်သူများသိရှိစေရန်လည်း တိုက်တွန်းပြောကြားပေးရန် လိုကြောင်း။

**အကျိုးရှိစွာအသုံးချ**

စီးပွားရေးနှင့်ပတ်သက်၍ မြေပေါ်မြေအောက် သယံဇာတများ၊ ရေနှင့်မြေများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ ရေများသုံးစွဲရာတွင်လည်း အဟောသိကံမဖြစ်စေဘဲ ထိရောက်စွာ အသုံးချရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေဩဇာများ လိုအပ်ချက်ရှိသည့်အတွက် ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများကို လျောင်မွေးသည့်စနစ်ဖြင့် နည်းစနစ်တကျ မွေးမြူဆောင်ရွက်ခြင်းဖြင့် ဇီဝမြေဩဇာများရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုတွဲဖက်၍ ဆောင်ရွက်မည်ဆိုပါက လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးလိုအပ်ချက်အတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်ခြင်းကို နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုဆောင်ရွက်၍ရကြောင်း။

အမျိုးမျိုးကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် များပြားသဖြင့် အပြည့်အဝထုတ်လုပ်နိုင်မှု မရှိသေးကြောင်း၊ ပြည်တွင်းလိုအပ်ချက်အား ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်းရှိ စက်ရုံများကို အပြည့်အဝလည်ပတ်၍ အတတ်နိုင်ဆုံးထုတ်လုပ်ပေးနိုင်မည်ဆိုပါက ပြည်ပငွေကုန်ကျမှုများစွာလျော့နည်းသွားမည်ဖြစ်ပြီး ပြည်တွင်းစီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပကြွေးမြီများစွာရှိပြီး နှစ်စဉ်ပြန်လည်ပေးဆပ်နေရမှု များပြားကြောင်း၊ ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ ပြည်ပမှတင်သွင်းမှုများ အများဆုံးဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ များပြားခဲ့ခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု လွဲမှားခဲ့ခြင်းများကြောင့် မိမိတို့နိုင်ငံအတွက် ငွေကြေးမြောက်မြားစွာ ဆုံးရှုံးနစ်နာမှုများရှိခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် များစွာအကျိုး ဖြစ်ထွန်းစေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင်

- မိမိတို့နိုင်ငံ၌ စိုက်ပျိုးမြေများပြားစွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်မြေကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်
- လယ်စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း ပိုမိုကောင်းအောင် စိုက်ပျိုးနိုင်ပါက မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးထက်ပင် ပိုလျှံနိုင်မည်ဖြစ်
- စိုက်ပျိုးမြေများ လျော့နည်းမှု မရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုမှုများကို အတတ်နိုင်ဆုံး မဖြစ်မနေအခြေအနေမှသာ ဆောင်ရွက်ကြစေလို
- နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်၊ ချောင်းများမှ ရေကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချကြစေလိုပြီး ယင်းသို့ အသုံးချနိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်

ဆန်စက်၊ ဂျုံစက် စသည့် လုပ်ငန်းများသည် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း၊ စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်၍ စိုက်ပျိုးရေးထုတ်ကုန်ကို အခြေခံသည့် စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများရှိပြီး အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်း မျိုးသန့်များရရှိရေးအတွက် ပြည်ပနိုင်ငံများမှ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှချည်ထည်များအား ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ဖိုးခန့် တင်သွင်းခဲ့ရကြောင်း၊ အဆင့်မြင့်ချည်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်၍ရကြောင်း။

မိမိတို့နိုင်ငံတွင် အဖိုးတန် သဘာဝတွင်းထွက်ပစ္စည်းများစွာရှိပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း အကြောင်း ဆောက်လုပ်ရေးအတွက် လိုအပ်သည့် ဘိလပ်မြေများနှင့် သံလုံး၊ သံချောင်းများကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ပါက ပြည်သူများ၏ နေထိုင်မှုစနစ်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အချို့နေရာများတွင် ပြည်သူများ၏ လူနေမှုစနစ်မြှင့်တင်ရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ ပညာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်အား တာဝန်ယူဆောင်ရွက်ရာတွင် အချိန်ကာလအားဖြင့် နည်းပါးကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှလွဲ၍ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အားလုံးဒေသအလိုက် ဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းစွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေ၊ ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်စေရေး ဆောင်ရွက်နေမှုအခြေအနေ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်မှုအခြေအနေ၊ ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်မှုနှင့် ဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်မှုအခြေအနေ၊ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေ၊ အိုမီခရွန် ကူးစက်ပြန့်ပွားမှုနည်းပါးရေးအတွက် ထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာငွေအလေအလွင့်နည်းပါးရေးအတွက် ချွေတာရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မှာကြားရာတွင် မိမိတို့နိုင်ငံ၌ စိုက်ပျိုးမြေများပြားစွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်မြေကို အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ လယ်စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း ပိုမိုကောင်းအောင် စိုက်ပျိုးနိုင်ပါက မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးထက်ပင် ပိုလျှံနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးမြေများ လျော့နည်းမှု မရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုမှုများကို အတတ်နိုင်ဆုံး မဖြစ်မနေအခြေအနေမှသာ ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ရေကိုလည်း စိုက်ပျိုးရေးအတွက် အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်၊ ချောင်းများမှ ရေကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချကြစေလိုပြီး ယင်းသို့ အသုံးချနိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ မြစ်၊ ချောင်းများတွင် လျှပ်စစ်ထုတ်လုပ်နိုင်ပါက ဓာတ်အားမဂ္ဂါဝပ် ၄၀၀၀၀ ကျော်ထုတ်လုပ်နိုင်မည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေအနေများလည်း များစွာရှိကြောင်း၊ လျှပ်စစ်မီးနှင့် စက်သုံးဆီချွေတာရေးကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်မီးသုံးစွဲရာတွင် ဓာတ်အားသုံးစွဲမှုကို လျော့နည်းစေသည့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် ရာခိုင်နှုန်းများစွာ လျော့နည်းသွားမည်ဖြစ်ပြီး ငွေကြေးကုန်ကျမှု သက်သာစေမည်ဖြစ်ကြောင်း၊ စက်သုံးဆီကို ပြည်ပမှ အများဆုံးမှာယူတင်သွင်းနေရသည့်အတွက် နှစ်စဉ်တိုင်းပြည်မှ နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ သို့ဖြစ်၍ အမှန်တကယ်သုံးစွဲရန်လိုအပ်သည့် ကိစ္စရပ်များ၌သာ သုံးစွဲကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်ရေးနှင့် မြို့ပတ်ရထားများ အပြည့်အဝ ပြေးဆွဲနိုင်ရေးကို အလေးထားစီစဉ်ဆောင်ရွက်သွားစေလိုကြောင်း၊ ထို့ပြင် ကုန်စည်ပို့ဆောင်မှု ကောင်းမွန်စေရေးအတွက် ရထားများ ပုံမှန်ပြေးဆွဲနိုင်ရေး၊ ဘူတာရုံများစနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနှင့် ကားလမ်းနယ်နိမိတ်များအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်မှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲရေးကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တာဝန်ရှိသူအားလုံးအနေဖြင့် ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး /ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား ပြည်သူများ လေ့လာနိုင်ရန် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားရာ ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ရေးဦးစွာ ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဦးဇော်အေးမောင်နှင့် နေပြည်တော်ကောင်စီဝင်များက တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် ကချင်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ရှေ့၌ ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့များက ကချင်ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

**ရိုးရာအစားအစာများ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြပွဲလာပြည်သူများ ဝယ်ယူအားပေးနိုင်ရန်နှင့် သုံးဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်ဆိုင်များဖွင့်လှစ်၍ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။



(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များပေါ်တွင် ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြသည်။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသားအစားအစာများကို စားသုံးနိုင်သောအခွင့်အရေးဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစားကြိတ်ကြိတ်တိုးဝယ်ယူသုံးဆောင်ကြသည်။

ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့များက ကချင်ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေစဉ်။

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များ ပြသပေးနေမှုနှင့် တိုင်းရင်းသားရိုးရာအစားအစာများရောင်းချပေးမှုအပေါ် ပြည်သူများ၏ ဝမ်းသာပီတိစကားသံများ

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့်အပြင် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း သတ်မှတ်နေရာများအလိုက် ရောင်းချပေးလျက်ရှိရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယခုကဲ့သို့ ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာအစားအစာဆိုင်များဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးမှုနှင့်ပတ်သက်၍ ဂုဏ်ပြုယာဉ်များနှင့်အတူ ပါဝင်ကပြ ဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားသံများကို မှျဝေလိုက်ရပါသည်။



မအေးအေးသန့်



မချိုချိုလတ်



ဦးမျိုးဦး



ကိုကျော်သူနှင့် မိသားစု

**မဂျူးဂျူး**
**(မကွေးတိုင်းဒေသကြီးယဉ်ကျေးမှုအဖွဲ့)**

စိန်ရတု ဂုဏ်ပြုအခမ်းအနားမှာ ကပြဖျော်ဖြေခွင့်ရတာ ကိုယ့်ကိုယ်ကိုယ် အားရမှုရှိသလို ဒီပြပွဲကြီးမှာလည်း ပြည်သူတွေကို ကပြဖျော်ဖြေခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ပြပွဲကို ပြည်သူတော်တော်များများလာကြပြီး စည်စည်ကားကားဖြစ်သွားတာတွေ့ရတော့ ပျော်ရွှင်မိပါတယ်။ ပြပွဲနောက်ဆုံးနေ့အထိ အားရပါးရ ကပြဖျော်ဖြေသွားမှာပါ။ တိုင်းရင်းသားအစားအစာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေပါတယ်။ ဒါကြောင့် ပြည်သူတွေ လာရောက်ဝယ်ယူအားပေးကြပါလို့ နှိုးဆော်ပါတယ်။

**မအေးအေးသန့်(ပြပွဲလေ့လာကြည့်ရှုသူ)**

ဒီပြပွဲလာကြည့်ရတာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ကိုယ်တိုင်ရောက်သွားသလို ခံစားရပါတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း တစ်နေရာတည်းမှာ စားခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ပြီးတော့ ကချင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ရဲ့ ကချင်ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေမှုဟာ ပျော်စရာကောင်းတဲ့အပြင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် ပျော်စရာကောင်းပါတယ်။ ဒီပြပွဲကို လာရောက်လေ့လာခြင်းအားဖြင့် အသိအမြင်ဗဟုသုတတွေ၊ ဒေသန္တရဗဟုသုတတွေ များစွာရရှိမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် မိတ်ဆွေတို့အနေနဲ့ အခွင့်အရေးကိုလက်လွှတ်မခံဘဲ လာရောက်လေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။

**စာမျက်နှာ ၆ သို့** ❍



တိုင်းဒေသကြီး/ ပြည်နယ်များကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။



ရှမ်းပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့က ရှမ်းရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေစဉ်။



ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။



ချင်းရိုးရာစားသောက်ဆိုင်တွင် ဝယ်ယူအားပေးနေသူကြသူများကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေစဉ်။

❍ စာမျက်နှာ ၅ မှ

**မချိုချိုလတ်**

**(ပြပွဲလေ့လာကြည့်ရှုသူ)**

စိန်ရတုပြည်ထောင်စုနေ့ပွဲမှာ တိုင်းဒေသကြီး/ ပြည်နယ်တွေကိုယ်စားပြု ဂုဏ်ပြုယာဉ်တွေ ပါဝင်မယ်လို့သိရပါတယ်။ ဒီလိုသိရကတည်းက ဂုဏ်ပြုယာဉ်တွေကို စုစည်းပြီး ပြည်သူတွေကို ပြန်လည်ပြသပေးရင် ကောင်းမယ်လို့ စိတ်ထဲတွေးမိဖူးတယ်။ အခုတော့ ဆန္ဒတွေပြည့်ဝခဲ့ပါတယ်။ ပြပွဲရောက်တဲ့အခါမှာလည်း ခမ်းခမ်းနားနားနဲ့ ပြင်ဆင်ထားတာတွေ့ရတော့ အတိုင်းမသိဝမ်းသာမိပါတယ်။ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တွေကလည်း ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတဲ့အပြင် ကိုယ်တိုင်ဝင်ရောက် ဆင်နွှဲခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ဒီလိုအလှပြယာဉ်တွေကို မြင်ဖူးတာ ကျွန်မအတွက် ပထမဆုံးဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာအစားအစာတွေကိုလည်း စားသုံးရတာ အရသာရှိပါတယ်။ နောက်ပြီး ဂုဏ်ပြုယာဉ်တွေအပေါ်မှာ တိုင်းရင်းသားပေါင်းစုံရဲ့ အထင်ကရနေရာတွေ၊ အထိမ်းအမှတ်တွေ၊ ဓလေ့ထုံးတမ်း အစဉ်အလာတွေကို စုစည်းပြသထားတဲ့အတွက်လည်း ဗဟုသုတများစွာရရှိပါတယ်။

**ဦးမျိုးဦး**

**(ပြပွဲလာရောက်ကြည့်ရှုသူ)**

ဒီလိုပွဲမျိုးကိုလာရောက်ကြည့်ရှုခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တိုင်းရင်းသားပေါင်းစုံရဲ့ အထိမ်းအမှတ်တွေနဲ့ အထင်ကရနေရာတွေကို ကြည့်ခွင့်ရတဲ့အတွက် ကလေးတွေအတွက်လည်း ဗဟုသုတတွေရပါတယ်။ ဒီလိုပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ အထင်ကရနေရာတွေကို တစုတစည်းတည်းတွေ့ရတာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ တိုင်းရင်းသားအစားအစာတွေနဲ့ အထိမ်းအမှတ်တွေကို အခုလို တွဲဖက်မြင်ရတော့ အဲဒီပြည်နယ်တွေကိုရောက်သွားသလိုခံစားရပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုမြင်ကွင်းမျိုးတွေ တွေ့ချင်ပါသေးတယ်။

**စာမျက်နှာ ၇ သို့ ❍**



ကချင်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။




ပြည်ထောင်စုနယ်မြေကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။




ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များအား လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။




ဗမာရိုးရာစားသောက်ဆိုင်တွင် ဝယ်ယူအားပေးနေကြသူများကို တွေ့ရစဉ်။





တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များတွင် ဝယ်ယူအားပေးနေကြသူများကို တွေ့ရစဉ်။

○ စာမျက်နှာ ၆ မှ

**ကိုကျော်သူနှင့် မိသားစု**
**(ပြပွဲလာရောက်ကြည့်ရှုသူ)**

ကျွန်တော့်သက်တမ်းနှစ် ၄၀ မှာ ဒီလိုပွဲတော်မျိုး တစ်ခါမှ မသွားဖူးပါဘူး။ ဒီလို ဂုဏ်ပြုယာဉ်တွေနဲ့ ပြတဲ့အတွက် အထူးအဆန်းလည်းဖြစ်တယ်၊ မိသားစုတွေအနေနဲ့လည်း ပိုပြီးပျော်ရွှင်ကြည်နူး စရာကောင်းပါတယ်။ ကလေးတွေကလည်း အထင်ကရနေရာတွေကိုမြင်ရတော့ ဗဟုသုတပိုရပါတယ်။ တိုင်းရင်းသားတွေ အစုံပါတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်ရာလည်း ရောက်ပါတယ်။ တိုင်းရင်းသားရိုးရာအစားအစာတွေကလည်း အရင်ကစားနေကျဖြစ်ပေမယ့် အခုလို တကယ့်ရိုးရာလက်ရာစစ်စစ်ကိုစားသုံးရတဲ့အတွက် အဲဒီဒေသတွေရဲ့ အငွေ့အသက်လေးတွေကို ပိုပြီးခံစားမိပါတယ်။ နောင်လည်းဒီလိုတိုင်းရင်းသား ချစ်ခင်ရင်းနှီးမှုလေးတွေကို မြင်ချင်ပါတယ်။

**ကိုဟန်လင်း**
**(တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူ)**

ဒီနေ့လို ခမ်းနားတဲ့ ပြပွဲမှာ ကျွန်တော်တို့ရဲ့ ဗမာရိုးရာအစားအစာပါဝင်ရောင်းချရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်ပြီး တခြားတိုင်းရင်းသားရိုးရာ အစားအသောက်တွေကိုလည်း စားသုံးခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိတယ်။ လာရောက်စားသုံးတဲ့သူတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပါတယ်။ ဂုဏ်ပြုယာဉ်တွေကိုလည်း လွတ်လွတ်လပ်လပ်ကြည့်ရှုခွင့်ရပါတယ်။ ပြပွဲမှာ ပါဝင်ဆင်နွှဲကြဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို ပြောကြားလိုပါတယ်။

သတင်း - ခေတ်လူငယ်
ဓာတ်ပုံ - ကိုကိုထိန်



ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့်အတူ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြစဉ်။

# ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီမဟုတ်ပါ

ဇော်ဇော်အောင် (မန္တလေး)

ဒီမိုကရေစီထွန်းကားဖို့ဆိုရင် နိုင်ငံတစ်နိုင်ငံဟာ ဒီမိုကရေစီအမှန်တကယ် ထွန်းကားနိုင်စေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းနေဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီမိုကရေစီစံနှုန်းတွေကို ပုံမှန်ဖွံ့ဖြိုးရှင်သန်လာစေရေး အင်တိုက်အားတိုက် ပြုစုပျိုးထောင်နေဖို့ မဖြစ်မနေလိုအပ်ပါတယ်။ နိုင်ငံသားတွေနဲ့ နိုင်ငံရေးအဖွဲ့အစည်း (နိုင်ငံရေးပါတီ) တွေမှာ ဒီမိုကရေစီဓလေ့စရိုက် ပေါ်ထွန်းစေဖို့ သင်ယူလေ့ကျင့်နေရန် မဖြစ်မနေလိုအပ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေကို ဒီမိုကရေစီနဲ့ စပ်အပ်လျော်ညီပြီး ခိုင်မာတောင့်တင်းတဲ့ အင်စတီကျူးရှင်းတွေအဖြစ် တည်ဆောက်ဖို့ မဖြစ်မနေလိုအပ်ပါတယ်။ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်ထွန်းကားပြီး တိုးတက်သာယာဝပြောတဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် မြင်လိုတွေ့လိုကြောင်း တွင်တွင်အော်နေကြတဲ့နိုင်ငံတချို့ဟာ အမှန်စင်စစ်မှာတော့ မြန်မာနိုင်ငံကောင်းစားမှာကို လုံးဝမလိုလားကြောင်း အထင်အရှားတွေ့မြင်နိုင်တဲ့ အထောက်အထားတွေ မြောက်မြားစွာရှိနေပြီဆိုတာ တွေ့မြင်လာရပါတယ်။ အထူးသဖြင့် လစ်ဘရယ်ဒီမိုကရေစီစနစ်တစ်ခုတည်းကိုမှ ကောင်းတဲ့နိုင်ငံရေးစနစ်ပါလို့ ဟစ်ကြွေးကြပြီးတော့ တစ်ကမ္ဘာလုံးမှာ လစ်ဘရယ်ဝါဒတစ်ခုတည်းသာ လွှမ်းမိုးစေလိုတယ်ဆိုတဲ့ အနောက်နိုင်ငံကြီးတွေရဲ့ စိတ်စေတနာကို အခုအချိန်အခါမှာ မျက်ဝါးထင်ထင် တွေ့မြင်လာရပြီဖြစ်ပါတယ်။

### ၂၀၂၀ နိုင်ငံရေးပြဿနာ

၁၉၈၈ ခုနှစ် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းကြီး ပေါ်ပေါက်ခဲ့စဉ်ကာလကတည်းက မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် ကူညီထောက်ပံ့မယ်ဆိုတဲ့ နိုင်ငံတချို့ဟာ လက်တွေ့မှာ ဒီမိုကရေစီဖြစ်ထွန်းစေမယ့် ကူညီထောက်ပံ့မှုမျိုး လုံးဝလက်တွေ့လုပ်ဆောင်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒီထက်ဆိုးတာကတော့ မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်းကို နည်းလမ်းပေါင်းစုံနဲ့ တိုက်ရိုက်ရောသွယ်ဝိုက်ပြီးတော့ပါ အင်တိုက်အားတိုက် ဆောင်ရွက်လာခဲ့တာဟာ အခု ၂၀၂၀ နိုင်ငံရေးပြဿနာပေါ်ပေါက်ခဲ့တဲ့ ကာလကို ရောက်လာတဲ့အခါမှာလည်း နည်းလမ်းဟောင်းတွေအတိုင်းပဲ နှောင့်ယှက်ဖျက်ဆီးကြတာ တွေ့ရပါတယ်။ ပိုဆိုးလာတာကတော့ ၁၉၈၈ တုန်းကလိုမဟုတ်တော့ဘဲ ပိုပြီးတော့ ပြင်းပြင်းထန်ထန် ပြောင်ကျကျ လုပ်ကိုင်ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။



စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပေါ်ထွန်းရေး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပစဉ်။

### ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံသားများအဖြစ်

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတွေလို့ နာမည်ကျော်ကြတာဖြစ်တာမို့ ဒီမိုကရေစီနဲ့ပတ်သက်ရင် အကျွမ်းတဝင် ပိုင်ပိုင်နိုင်နိုင်ရှိလှတဲ့ နိုင်ငံကြီးတွေဖြစ်ပါတယ်။ သူတို့ကြွေးကြော်ကြသလို မြန်မာနိုင်ငံကို အမှန်တကယ် မေတ္တာထားကြတာ မှန်ရင်၊ စေတနာကောင်းကြတာ မှန်ရင်၊ ငြိမ်းချမ်းစေလိုကြတာ မှန်ရင်၊ တိုးတက် ဖွံ့ဖြိုးစေလိုကြတာမှန်ရင်၊ မြန်မာနိုင်ငံသားတွေကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံသားတွေအဖြစ် မြင်တွေ့လိုကြတာမှန်ရင်၊ ချမ်းသာကြွယ်ဝစေလိုကြတာမှန်ရင်၊ အသိပညာတွေ မြင့်မားလာစေလိုကြတာမှန်ရင် သူတို့အနေနဲ့ အလွယ်တကူပဲ လေ့ကျင့်ပျိုးထောင်ပေးလို့ရပါတယ်။ စနစ်တကျ အခိုင်အမာ တဖြည်းဖြည်းချင်း တိုးတက်ဖွံ့ဖြိုးလာအောင် နည်းလမ်းတကျနဲ့ ကူညီပံ့ပိုးလို့ရပါတယ်။ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ စံနှုန်းတွေ၊ ဓလေ့စရိုက်တွေ၊ ရေခံမြေခံကောင်းတွေဖြစ်တည်လာဖို့ကို လွယ်လွယ်ကူကူနဲ့ပဲ ကူညီပံ့ပိုးပေးလို့ရပါတယ်။

သို့သော် ဒီနိုင်ငံတွေဟာ လက်တွေ့မှာတော့ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုဟာ ဒီမိုကရေစီစနစ်နဲ့ အံဝင်ခွင်ကျဖြစ်မလာနိုင်ဖို့၊ ဒီမိုကရေစီစနစ်ကို ထောက်ပံ့ပေးနိုင်မယ့် အင်စတီကျူးရှင်းတွေ တောင့်တောင့်တင်းတင်း ပေါ်ပေါက်မလာနိုင်ဖို့၊ မြန်မာနိုင်ငံသားတွေဟာ ဒီမိုကရေစီအလေ့အကျင့်ကို ယဉ်ပါးလာကြပြီးတော့ ရင့်ကျက်တဲ့နိုင်ငံသားတွေ၊ စည်းလုံးညီညွတ်တဲ့ နိုင်ငံသားတွေ၊ အသိပညာမြင့်မားတဲ့ နိုင်ငံသားတွေဖြစ်မလာနိုင်ကြစေဖို့ကို စနစ်တကျနဲ့ အင်တိုက်အားတိုက် ဆောင်ရွက်နေတာ တွေ့ရပါတယ်။

### နိုင်ငံရေးပါတီများ

ဒီနိုင်ငံတွေ မြန်မာနိုင်ငံအပေါ် စေတနာစစ်စစ်မှန်မှန်ထားတာ အမှန်ဖြစ်ရင် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ နည်းလမ်းတွေကို ရှာဖွေပံ့ပိုးကြမှာဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့ သူတို့အနေနဲ့ လက်တွေ့လွယ်လင့်တကူ ကူညီပံ့ပိုးနိုင်တာတွေ တစ်ပုံတစ်ပင်ရှိပါတယ်။ နိုင်ငံရေးပါတီတွေ အားကောင်းသန်စွမ်းလာစေဖို့ အကြံပြုနိုင်တာတွေလည်း အများကြီးရှိပါတယ်။ ပြည်တွင်းက အဖွဲ့အစည်းတွေအချင်းချင်း၊ နိုင်ငံသားတွေအချင်းချင်း ညီညွတ်လာကြဖို့ အားပေးကူညီနိုင်တဲ့ ကိစ္စတွေလည်း အများကြီးရှိပါတယ်။ သို့သော်လက်တွေ့မှာတော့ တိုင်းပြည်ငြိမ်းချမ်းတည်ငြိမ်မှုပျက်ပြားစေဖို့၊ နိုင်ငံရေးပါတီတွေ တဖြည်းဖြည်း အင်အားချည့်နဲ့လာကြစေဖို့နဲ့ နိုင်ငံသားတွေအချင်းချင်း တစ်နေ့တခြား အမုန်းတွေ၊ အငြိုးတွေ ကြီးလာပြီးတော့ တိုင်းပြည်ပြိုလဲတဲ့အထိဖြစ်ဖို့ အားကြိုးမာန်တက်ကို ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။ သံတမန်ရေး နည်းလမ်း၊ စီးပွားရေး နည်းလမ်း၊ မီဒီယာပေါင်းစုံကနေ လူအများရဲ့ နိုင်ငံရေးဆိုင်ရာ အသိဉာဏ်တွေ ချွတ်ခြုံကျပြီးတော့ အလုံးစုံပျက်သုဉ်းစေမယ့်နည်းလမ်း စသည်ဖြင့် နည်းလမ်းပေါင်းစုံသုံးပြီးတော့ နိုင်ငံကို ထိုးနှက်တိုက်ခိုက်နေကြပါတယ်။

၂၀၂၀ ရွေးကောက်ပွဲကနေပေါ်ပေါက်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကို ပကတိအရှိအတိုင်း သိမြင်အောင် လေ့လာသုံးသပ်ပြီးတော့ ရသင့်ရထိုက်တဲ့ အဖြေကောင်းတစ်ခုရဖို့ တရားနည်းလမ်းကျကျ ကူညီကြားဝင်နားချဖြေရှင်းဖို့ ကြိုးစားကြရမယ့်အစား သူတို့စိတ်ကြိုက် ခြယ်လှယ်ကြိုးကိုင်လို့ ရလောက်မယ့် အနေအထားမျိုးတစ်ခု မရတော့တာကြောင့် တမင်ဘက်လိုက်ပြီးတော့ တစ်ဖက်က အမှားမှန်သမျှကို လုံးဝမျက်ကွယ်ပြုပြီး တိုင်းပြည်တစ်ပြည်ရဲ့ မရှိမဖြစ်တဲ့ စစ်ဘက်ဆိုင်ရာ အင်စတီကျူးရှင်းကို နိုင်ငံသားတွေနဲ့ ထိပ်တိုက်ပြဿနာဖြေရှင်းရမယ့် ချောက်ကမ်းပါးနှုတ်ခမ်းကို တွန်းပို့တဲ့ ကိစ္စကြီးမှာ အကြီးအကျယ် ပါဝင်ကြံစည်လုပ်ဆောင်ခဲ့ကြတာကို အထင်အရှား မြင်တွေ့ရပါတယ်။

### အခြေခံအကျဆုံး ဒီမိုကရေစီအခွင့်အရေး

မြန်မာပြည် အမှန်တကယ် ကောင်းစားစေချင်တာမှန်ရင်၊ ဒီမိုကရေစီကို အမှန်တကယ်ဖြစ်ထွန်းစေချင်ကြတာမှန်ရင် ဒီမိုကရေစီစံတွေကို ချိုးဖျက်ပြီးတော့ လုပ်ချင်တိုင်းလုပ်သွားတဲ့ကိစ္စကို မသိကျိုးကျွန်လုပ်နေလို့ မရပါဘူး။ နိုင်ငံသားတွေရဲ့အခြေခံအကျဆုံး ဒီမိုကရေစီအခွင့်အရေးဖြစ်တဲ့ မဲပေးခွင့်ကို အလွဲသုံးစားပြုပြီးတော့ ဒီမိုကရေစီကို နင်းချေဖျက်ဆီးပြီး တစ်ပါတီကြီးစိုးရေးကို ပြောင်ကျကျလုပ်သွားတဲ့ကိစ္စကို မျက်ကွယ်ပြုနေလို့မရပါဘူး။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို တည်ဆောက်ဖို့ ကြိုးစားနေဆဲ နိုင်ငံတစ်နိုင်ငံသာဖြစ်ပါတယ်။ ဒီမိုကရေစီ ကောင်းကောင်းကြီး ထွန်းကားနေပြီးသားနိုင်ငံလည်း မဟုတ်သေးပါဘူး။ ဒါကြောင့် ပါတီတစ်ခုက တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ အနိုင်ရဖို့ထက် ဘယ်ပါတီပဲနိုင်နိုင် ဘယ်သူပဲအစိုးရဖြစ်ဖြစ် ဒီမိုကရေစီစံနှုန်းတွေ တဖြည်းဖြည်း ပီပြင်လာအောင်၊ ခိုင်မာလာအောင် တည်ဆောက်နိုင်ရေးအတွက် ဒီလိုနိုင်ငံတွေအနေနဲ့ ပံ့ပိုးကူညီသင့်တာဖြစ်ပါတယ်။ လက်တွေ့မှာက ဒီမိုကရေစီစံနှုန်းတွေကို မတည်ဆောက်ရသေးခင် ဖျက်လိုဖျက်ဆီးလုပ်နေတာကို အားပေးအားမြှောက်ပြုနေကြတာဖြစ်ပြီးတော့ ဒီမိုကရေစီထွန်းကားမယ့်ကိစ္စနဲ့ ပြောင်းပြန်ဖြစ်တဲ့ တစ်ပါတီကြီးစိုးရေးကို တိုက်ရိုက်ရောသွယ်ဝိုက်ပါ အားပေးအားမြှောက်ပြုပြီး နိုင်ငံကို ဖျက်ဆီးနေကြကြောင်း အထင်အရှား မြင်တွေ့လာရပါတယ်။ **စာမျက်နှာ ၉ သို့** ☆

> ❝ မြန်မာပြည် အမှန်တကယ်ကောင်းစားစေချင်တာမှန်ရင်၊ ဒီမိုကရေစီကို အမှန်တကယ် ဖြစ်ထွန်းစေချင်ကြတာမှန်ရင် ဒီမိုကရေစီစံတွေကို ချိုးဖျက်ပြီးတော့ လုပ်ချင်တိုင်းလုပ်သွားတဲ့ကိစ္စကို မသိကျိုးကျွန်လုပ်နေလို့ မရပါဘူး။ နိုင်ငံသားတွေရဲ့အခြေခံအကျဆုံး ဒီမိုကရေစီအခွင့်အရေးဖြစ်တဲ့ မဲပေးခွင့်ကို အလွဲသုံးစားပြုပြီးတော့ ဒီမိုကရေစီကို နင်းချေဖျက်ဆီးပြီး တစ်ပါတီကြီးစိုးရေးကို ပြောင်ကျကျလုပ်သွားတဲ့ကိစ္စကို မျက်ကွယ်ပြုနေလို့မရ ❞

✰ စာမျက်နှာ ၈ မှ

နောက်ဆုံး နိုင်ငံရေးအရ အင်မတန်မှ ဖြေရှင်းရခက်ခဲတဲ့ ပြဿနာတွေ ဖြစ်ပေါ်လာတဲ့အခါမှာ နိုင်ငံရေးနည်းနဲ့ (ဒီမိုကရေစီ အမှန်တကယ်ထွန်းကားဖို့ အထောက်အပံ့ဖြစ်နိုင်မယ့် ငြိမ်းချမ်းတဲ့ နည်းလမ်းတွေနဲ့) အဲဒီပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဝိုင်းဝန်းတိုက်တွန်း ဖျောင်းဖျတာတွေ၊ ကူညီပံ့ပိုးတာတွေ လုပ်ရမယ့်အစား နိုင်ငံသားတွေ စည်းလုံးညီညွတ်မှုပြိုကွဲပြီးတော့ နိုင်ငံတစ်ခုလုံး ပျက်စီးစေဖို့ရည်ရွယ်တဲ့ မစဉ်းစားသင့်တဲ့ နည်းလမ်းတွေနဲ့ လုပ်ကိုင်ဆောင်ရွက်ကြဖို့ နည်းလမ်းပေါင်းစုံနဲ့ အားပေးအားမြှောက်ပြုနေကြပါတယ်။ မတူကွဲပြားတဲ့ နိုင်ငံရေးအယူအဆရှိသူတွေ၊ မတူကွဲပြားတဲ့ ယုံကြည်ချက်ရှိသူတွေကို ရပ်တည်လို့မရအောင် (မရပ်တည်ရဲအောင်) အကြီးအကျယ် နှိပ်ကွပ်တဲ့အလုပ်ကို တွင်တွင်ကျယ်ကျယ်ကြီးကို အားပေးအားမြှောက်ပြုနေတာ တွေ့ရပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ သူ့အခြေခံဥပဒေနဲ့ သူ့နိုင်ငံရေးလည်ပတ်ရပါတယ်။ ဒီမိုကရေစီထွန်းကားပြီးသား ရင့်ကျက်ပြီးသား နိုင်ငံတွေအနေနဲ့ ဒါကိုမသိမရှိ သိကြပါတယ်။ မြန်မာနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားနေတာဖြစ်ပါတယ်။ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ပြီးတော့ အာဏာကို ရယူဖို့ကြိုးစားရင် ဘယ်လိုအရေးယူဆောင်ရွက်ရမယ်ဆိုတာကို အဲဒီအခြေခံဥပဒေမှာ အတိအကျပြဋ္ဌာန်းထားပါတယ်။ ရွေးကောက်ပွဲဝင်တဲ့ နိုင်ငံရေးပါတီတိုင်း၊ နိုင်ငံရေးသမားတိုင်းဟာ ဒီအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပဋိညာဉ်ကို လိုက်နာပြီးသားဖြစ်ရပါမယ်။ ဒီအခြေခံဥပဒေကို အာဏာရယူရေးအတွက် ချိုးဖောက်ပြီးတော့ မဲဆန္ဒရှင်နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို အလွဲသုံးစားပြုခြင်းဟာ ဒီမိုကရေစီ စံချိန်စံညွှန်းတွေကို ပြောင်ကျကျ ချိုးဖောက်ခြင်းသာ ဖြစ်ပါတယ်။ ဒါကို ဒီမိုကရေစီထွန်းကားပါတယ်ဆိုတဲ့ နိုင်ငံတချို့၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အမှန်တကယ် ဖြစ်ထွန်းစေလိုပါတယ်ဆိုတဲ့ နိုင်ငံတချို့က မသိကျိုးကျွန်ပြုရုံမကဘဲနဲ့ အဲဒီလိုဥပဒေချိုးဖောက်သူတွေကို အားပေးအားမြှောက်ပြုပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ ကမောက်ကမဖြစ်အောင် ဆောင်ရွက် လုပ်ကိုင်နေကြခြင်းကို သုံးသပ်ကြည့်မယ်ဆိုရင် ဒီနိုင်ငံတွေဟာ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေချင်တဲ့ဆန္ဒ အစစ်အမှန်မရှိကြောင်း၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ သူတို့နိုင်ငံတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ထားနိုင်ရေးအတွက် မြန်မာ့နိုင်ငံရေးကို ခြယ်လှယ်စွက်ဖက်တဲ့နည်းကို နည်းလမ်းတစ်ရပ်၊ ဗျူဟာတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်မှုပျက်ပြားပြီးတော့ စီးပွားရေးအရ အလားအလာကောင်းတွေရှိနေတဲ့ အာရှကို ချည့်နဲ့သွားစေရေးအတွက် မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ အချက်အချာကျလှတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေ ဖြစ်ပေါ်နေစေအောင် ရည်ရွယ်တာသက်သက်လို့ ပြောလို့ရပါတယ်။

**ဒီမိုကရေစီစံနှုန်းများ**

ဒီမိုကရေစီဖြစ်ထွန်းရေးအတွက်ဆိုရင် ဒီမိုကရေစီစံနှုန်းတွေက အင်မတန်မှ အရေးကြီးပါတယ်။ စံနှုန်းတွေ ဖြစ်တည်မလာဘဲနဲ့ ဒီမိုကရေစီ ဘယ်လိုမှ မထွန်းကားနိုင်ပါဘူး။ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ပေါ်ရေး၊ နိုင်ငံသားတိုင်း လွတ်လပ်စွာ ဥပဒေနဲ့ညီညွတ်စွာ မဲပေးနိုင်ကြရေး၊ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိနိုင်ကြရေး၊ လွတ်လပ်စွာ ယုံကြည်ယူဆခွင့်ရှိနိုင်ကြရေး စတာတွေဟာ အင်မတန်မှ အရေးကြီးလှတဲ့ ဒီမိုကရေစီ ဘယ်လောက်ထွန်းကားပြီလဲဆိုတာကို လက်တွေ့တိုင်းတာလို့ရတဲ့ စံနှုန်းတွေ ဖြစ်ပါတယ်။ ဒီစံနှုန်းတွေဖြစ်တည်လာဖို့ဆိုရင် အဓိကနိုင်ငံရေးပါတီတွေမှာ တာဝန်ရှိပါတယ်။

လူတိုင်းရင်ထဲမှာ ဒီစံနှုန်းတွေ ကိန်းဝပ်လာကြရအောင်၊ ဒီစံနှုန်းတွေနဲ့အညီ နိုင်ငံရေးစနစ်တစ်ခုလုံးက လည်ပတ်နေအောင်၊ ဥပဒေများကလည်း ဒီစံနှုန်းတွေကို အထောက်အပံ့ပြုအောင် အဓိက ဦးဆောင်ဦးရွက်ပြုပြီးတော့ လက်တွေ့ကျကျ ဆောင်ရွက်သင့်တာက နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေ ဖြစ်ပါတယ်။ ဒီမိုကရေစီရေးအတွက် ကူညီချင်ပါတယ်၊ ထောက်ပံ့ချင်ပါတယ်ဆိုတဲ့ နိုင်ငံတွေအနေနဲ့လည်း မြန်မာနိုင်ငံမှာ ဒီစံနှုန်းတွေလက်တွေ့ကျကျ ဖြစ်တည်လာအောင် စေတနာမှန်၊ သဘောထားမှန်ရင် ကူညီရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ နိုင်ငံရေးသမားတွေက ဒီစံနှုန်းတွေကို ဖျက်လိုဖျက်ဆီးတွေလုပ်၊ ဒီလိုလုပ်တာကိုပဲ အဲဒီလိုနိုင်ငံတွေက အားပေးအားမြှောက်ပြုတယ်ဆိုတဲ့ကိစ္စတွေဟာ ဒီမိုကရေစီထူထောင်နေပါတယ်ဆိုတဲ့၊ ဒီမိုကရေစီထွန်းကားစေလိုပါတယ်ဆိုတဲ့ စကားတွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို အထင်အရှားမြင်တွေ့နေရပါတယ်။

> ဒီမိုကရေစီဖြစ်ထွန်းရေးအတွက်ဆိုရင် ဒီမိုကရေစီစံနှုန်းတွေက အင်မတန်မှ အရေးကြီးပါတယ်။ စံနှုန်းတွေဖြစ်တည်မလာဘဲနဲ့ ဒီမိုကရေစီ ဘယ်လိုမှ မထွန်းကားနိုင်ပါဘူး။ လွတ်လပ်ပြီးတော့တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ပေါ်ရေး၊ နိုင်ငံသားတိုင်း လွတ်လပ်စွာ ဥပဒေနဲ့ညီညွတ်စွာ မဲပေးနိုင်ကြရေး၊ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိနိုင်ကြရေး၊ လွတ်လပ်စွာ ယုံကြည်ယူဆခွင့်ရှိနိုင်ကြရေး စတာတွေဟာ အင်မတန်မှအရေးကြီးလှတဲ့ ဒီမိုကရေစီ ဘယ်လောက်ထွန်းကားပြီလဲဆိုတာကို လက်တွေ့တိုင်းတာလို့ရတဲ့ စံနှုန်းတွေဖြစ်ပါတယ်။ ဒီစံနှုန်းတွေဖြစ်တည်လာဖို့ဆိုရင် အဓိကနိုင်ငံရေးပါတီတွေမှာ တာဝန်ရှိ

**နိုင်ငံနှင့်နိုင်ငံသားများ၏အကျိုးစီးပွား**

ဒါကြောင့် မြန်မာ့နိုင်ငံရေးမှာ အကျိုးဆိုင်သူတွေအားလုံးအနေနဲ့ နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုအမှန်တကယ်လိုလားကြတယ်ဆိုရင် ဒီမိုကရေစီ ထွန်းကားစေချင်ပါတယ်ဆိုတဲ့ နိုင်ငံတိုင်းဟာ သဘောထားမှန်ကြတာမဟုတ်ကြောင်း နားလည်သဘောပေါက်ကြပါ။ ဒီမိုကရေစီ စကားလုံးကြားရရုံနဲ့ ဒီမိုကရေစီဆိုတာ မသေချာကြောင်းကို နားလည်သဘောပေါက်ကြပါ။ နိုင်ငံကို လက်တွေ့ တည်ဆောက်နိုင်ဖို့ဆိုရင်၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အမှန်တကယ် ထွန်းကားလာဖို့ဆိုရင် ကိုယ့်နိုင်ငံသားတွေကပဲ ကိုယ်တိုင်ကိုယ်ကျ စည်းလုံးညီညွတ်စွာနဲ့ ကြိုးစားတည်ဆောက်ခြင်းကသာ အသေချာဆုံးဖြစ်တယ်ဆိုတာကို ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ကြဖို့ အချိန်ကျရောက်နေပြီဖြစ်ကြောင်း သတိပေး မေတ္တာရပ်ခံ တိုက်တွန်းလိုရင်းဖြစ်ပါတယ်။ ။




ဒီမိုကရေစီအရေးခြုံ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက ဒီမိုကရေစီရေးဟုဆိုကာ နိုင်ငံပိုင်ဘဏ်များကို မီးရှို့/ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်စဉ်။




ဒီမိုကရေစီအတွက်ဟု တွင်တွင်ပြောဆိုကာ ချင်းပြည်နယ် ဖလမ်းမြို့နယ် တလန်လိုရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းနှင့် ကျောက်ပန်းတောင်းမြို့နယ် နတ်ကန်လည်ကျေးရွာ အထက်တန်းကျောင်းတို့အား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးမှုများပြုလုပ်စဉ်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်။

☆ ကျောဖုံးမှ

အဖွဲ့ဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ စုစုပေါင်းကိုးဖွဲ့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားမှုအခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိစ္စများ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်ဖက်ဆက်လက် တွေ့ဆုံညှိနှိုင်းရေးကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များက တစ်ဖွဲ့ချင်းစီ၏ သဘောထားများကို အလွတ်သဘော ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ညှိနှိုင်းရေးကော်မတီသည် တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအား သီးခြားစီတွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ ကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်သွေးရတနာ မူလတန်းကြိုကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် မူလတန်းကြိုကျောင်းများမှ ဆရာမများ၊ ဆုရရင်သွေးငယ်များ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရှိ လူသားအရင်းအမြစ်ပြည့်ဝမှန်ကန်စွာဖွံ့ဖြိုးရန် အလွန်အရေးကြီးကြောင်း၊ ကလေးများကို နည်းမှန်လမ်းမှန် စနစ်တကျပြုစုစောင့်ရှောက်မှု ပေးခြင်းဖြင့် ကလေးတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက် လာစေမည်ဖြစ်သဖြင့် အရည်အသွေး မြင့်မားကာ အနာဂတ်အတွက် ကောင်းမွန်သည့် အခြေခံအုတ်မြစ်များ ဖြစ်လာအောင် ရင်သွေးငယ်များကို ကောင်းမွန်စွာပြုစုစောင့်ရှောက်တတ်သူများ ဖြစ်လာစေရေးအတွက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ အနေဖြင့်လည်း ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကလေးပြုစုရေးဌာနမှ ကလေးငယ်လေးများက မြန်မာပြည်မှာ သီချင်းဖြင့်လည်းကောင်း၊ အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် ပထမဆုရ ရင်သွေးငယ်လေးများက ကဗျာ၊ သီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီး ဆုရရင်သွေးငယ်လေးများအား ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ဆုများချီးမြှင့်ကာ ပေါင်မုန့်နှင့် ပဲနို့အာဟာရများ ပေးဝေခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တွေမြို့၌ မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား ကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၁၃

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန စစ်တွေမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥက္ကဋ္ဌ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ အထိမ်းအမှတ်နေ့(သို့မဟုတ်) နိုင်ငံခေါင်းဆောင်များ၏ မွေးနေ့များထဲမှ သင့်တော်သည့်ရက်တစ်ရက်ကို ကလေးများနေ့ဟုသတ်မှတ်ပြီး ထိုနေ့မှာပင် ကလေးသူငယ်တိုင်းလွတ်လပ်ပျော်ရွှင်စွာဖြင့် ဆုံစည်းကြပြီး ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးကြကာ ကလေးများ၏ လိုအပ်ချက်များကို ဖန်တီးဖြည့်ဆည်းပေးကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသည့်အနေဖြင့် ဗိုလ်ချုပ်မွေးဖွားခဲ့သည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံကလေးများနေ့ (Myanmar Children's Day) အဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ စစ်တွေမူလတန်းကြိုကျောင်းနှင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများက တေးသီချင်းများဖြင့်ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ကပြဖျော်ဖြေကြသော ရင်သွေးငယ်လေးများအား ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## တပို့တွဲ နွဲကြစို့တူပျော်ပျော်

✳ ကုံရာသီတပို့တွဲပေမို့
စုံစွာညီအစ်ကိုနဲ့နွဲရအောင်
ထမနဲဆိုမီးပုံပွဲကို
ဒို့လဲလေလိုက်ခဲ့မယ်
ပေါက်လဲသည်လက်ပံနဲ့
ပင်လက်ပံတောဆက်ရက်ကယ်တို့
ဆူဆူညံနိုးထလို့သက်ပြန်တော့
လက်ဝဲရံရှင်မောဂ္ဂလန်နဲ့
လက်ယာရံရှင်သာရိတို့
မြတ်လှသည့်တေဒဂ်ဘွဲ့ရခဲ့ကြတယ်
✳ ဟေမန်ဆောင်းလယ်မို့
ချမ်းမြေ့ဖွယ်ပါတီမောက်
ဟောရောက်တဲ့ဒီခါဝယ် နာခံမယ်အထူး
စန်းနဲ့ရယ်ငွေယုံလက
နက္ခတ်ဆိုကိုမာဃနဲ့
ယှဉ်တွဲကြအလင်းဆောင်တော့
ခွင်းမှောင်တာသာမဆုံးတယ် ပြုံးပျော်ကြဦး
✳ ဒို့တိုင်းပြည်လွတ်လပ်ရေးတွက်
ပေါ်ထွက်ညီပင်လုံပွဲနဲ့
တပို့တွဲမှာပြည်ထောင်စု
ပေါင်းစုလို့ပေါ်ပေါက်လာ
ဘယ်ခါမှမခွဲတမ်း
✳ ထန်းရည်နှင်းသည်လမှာ
ရခိုင်ရိုးရာရထားဆွဲတော့
နှင်းမကွဲအအေးထပ်သမို့
နွေးတတ်အောင်မီးပင်လှုံရ
ဗုဒ္ဓလိုမြတ်အရှင်တောင်မှ
အေးလုံချင်လက်မီးကင်သတဲ့
စိတ်ကူးယဉ်ဘယ်မဟုတ်ပါဘူး
သရုပ်တကယ်မှန်တဲ့
သည်ချိန်ယံတပို့တွဲကိုတော့
အိုကွယ် နွဲပျော်လိုက်စမ်း။ ။

ဘိုမျိုး(ရွှေဘို)

# လစ်ဗျားနိုင်ငံတွင် ရွေးကောက်ပွဲများအမြန်ဆုံးကျင်းပသွားမည်ဟု ဝန်ကြီးချုပ်ပြောကြား

**ထရီပိုလီ ဖေဖော်ဝါရီ ၁၃**

လစ်ဗျားနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများအဆုံးသတ်ရေးအတွက် ကြိုးပမ်းသည့် အနေဖြင့် ရွေးကောက်ပွဲများ ဆောလျင်စွာ ကျင်းပ နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အဗ်ဒဲ ဟာမစ်ဒီဘီဘာက ယမန်နေ့တွင် ပြောကြားသည်။

လစ်ဗျားနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးတို့ ဖြစ်လာစေရေးအတွက် ရွေးကောက်ပွဲများကို အလျင်အမြန်ကျင်းပရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်ဒီဘီဘာက ရက်ဒါလန်မြို့တွင်ကျင်းပသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ထိပ်သီးဆွေးနွေးပွဲတွင် ပြောကြားသည်။

မိမိအနေဖြင့် လက်ရှိအချိန်တွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းမှုများဆောင်ရွက်လျက် ရှိကြောင်း ၎င်းကပြောကြားသည်။

လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများအတွက် ပါလီမန်တွင်တာဝန်ရှိကြောင်း ဒီဘီဘာက ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်ဒီဘီဘာက လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်နိုင်ငံရေးပါတီအား နိုင်ငံ့တာဝန်လွှဲပြောင်းမှုမပြုလုပ်မီအထိ ၎င်းဦးဆောင်သော အစိုးရက နိုင်ငံ့တာဝန်ထမ်းဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရွေးကောက်ပွဲများအား ယမန်နှစ် ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရန်စီစဉ်ခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာနှင့် ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များကြောင့် ရွှေ့ဆိုင်းခဲ့ရကြောင်း လစ်ဗျား ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**




# ဂျပန်နိုင်ငံသားများ ယူကရိန်းနိုင်ငံမှ ချက်ချင်းထွက်ခွာရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပြု

**တိုကျို ဖေဖော်ဝါရီ ၁၃**

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံနယ်စပ်တွင် တပ်ဖွဲ့ဝင်အများအပြား တပ်ဖြန့်ချထားလျက်ရှိခြင်းကြောင့် ယူကရိန်းနိုင်ငံရှိ ဂျပန်နိုင်ငံသားများ ချက်ချင်းထွက်ခွာရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် အကြံပြုခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယူကရိန်းနိုင်ငံသို့ ခရီးသွားလာခွင့်ဆိုင်ရာ သတိပေးချက်ကို အမြင့်ဆုံးအဆင့်သို့ တိုးမြှင့်ခဲ့ပြီး ဂျပန်နိုင်ငံသားအားလုံး ယူကရိန်းနိုင်ငံမှ အမြန်ထွက်ခွာရန်နှင့် ယူကရိန်းနိုင်ငံသို့ ရည်ရွယ်ချက်ရှိရှိ ခရီးသွားခြင်းကို ရှောင်ရှားရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၁ ရက်အထိ ကာလအတွင်း ယူကရိန်းနိုင်ငံ၌ ဂျပန်နိုင်ငံသား ၁၅၀ ခန့်ရှိနေခဲ့ဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ၏ မြို့တော်ကီယက်ဗ်ရှိ ဂျပန်နိုင်ငံသံရုံးအနေဖြင့် ဂျပန်နိုင်ငံသားများအား အကာအကွယ်ပေးရန် ကြိုးပမ်းမှုများအပါအဝင် သံရုံး၏လုပ်ငန်းဆောင်တာများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ပြင် သတင်းအချက်အလက်များ စုဆောင်းရရှိရေးအတွက် ဂျပန်ဝန်ကြီးချုပ်ရုံးတွင် ဆက်ဆံရေးရုံးတစ်ခုတည်ထောင်ခဲ့ကြောင်းလည်း ဂျပန်အစိုးရက ပြောကြားသည်။ **ကိုးကား- ကျိုဒိုနယူးစ်**

**ဘာသာပြန်- အလင်းသစ်**

# ကာကွယ်ဆေးထိုးနှံပြီးသည့် နိုင်ငံတကာခရီးသွားများ ဗြိတိန်နိုင်ငံအတွင်း ဝင်ရောက်နိုင်ပြီဖြစ်

**လန်ဒန် ဖေဖော်ဝါရီ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသည့် နိုင်ငံတကာခရီးသွားများသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စမ်းသပ်စစ်ဆေးမှုပြုလုပ်စရာမလိုအပ်ဘဲ ဗြိတိန်နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသည့် နိုင်ငံတကာခရီးသွားများအား နိုင်ငံအတွင်းဝင်ရောက်မှုဆိုင်ရာ ဖြေလျှော့မှုကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် နှစ်သိန်းကျော်အထိ မြင့်တက်မှုရှိခဲ့ရာမှ လက်ရှိအချိန်တွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ခုနစ်သောင်းအောက် ကျဆင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို အစိုးရက ဖြေလျှော့ပေးခဲ့ခြင်းဖြစ်ပြီး ဗြိတိန်ပြည်သူများကလည်း ရောဂါဆိုင်ရာစည်းကမ်းချက်များ ဖြေလျှော့ပေးခြင်းကို ကြိုဆိုခဲ့ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အလင်းသစ်**




# တောင်ကိုရီးယား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၄၃၁ ဦးဖြင့် နေ့စဉ်ကူးစက်မှုစံချိန်တင်

**ဆိုးလ် ဖေဖော်ဝါရီ ၁၃**

တောင်ကိုရီးယားနိုင်ငံတွင် အိုမီခရွန်မျိုးကွဲပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေစဉ် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၆၄၃၁ ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ယနေ့အထိ နေ့စဉ် ရောဂါကူးစက်မှုအများဆုံးဖြစ်လာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၆၄၃၁ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တောင်ကိုရီးယားတွင် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၃၅၀၆၃၀ ရှိလာကြောင်း တောင်ကိုရီးယားကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးအေဂျင်စီက ပြောကြားသည်။

ယနေ့စစ်ဆေးတွေ့ရှိခဲ့သည့်ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်များအနက် ၁၁၇၇၇ ဦးမှာ မြို့တော်ဆိုးလ်ဒေသတွင် နေထိုင်ကြပြီး ကျန် ၁၇၀၆၅ ဦးနှင့် ၄၄၆၉ ဦးတို့သည် ဂျောင်ဂီပြည်နယ်နှင့် အင်ချောင်ဆိပ်ကမ်းမြို့တို့တွင် နေထိုင်ကြကြောင်း သိရသည်။

တောင်ကိုရီးယား၌ တစ်ရက်အတွင်း စစ်ဆေးတွေ့ရှိသည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်များအနက် ၁၃၄ ဦးမှာ ပြည်ပနိုင်ငံများမှ ပြန်လာသူများ ဖြစ်ကြသည်။

ယခုအခါ တောင်ကိုရီးယားနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၇၂၂၄ ဦးရှိလာကြောင်း သိရသည်။

အလားတူ တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့်တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် လူနာ ၃၆ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၇၀၈၁ ဦး ရှိလာသည်။ လက်ရှိ တောင်ကိုရီးယားနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှုန်းမှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အားလုံး၏ သုည ဒသမ ၅၂ ရာခိုင်နှုန်းခန့်ရှိသည်။

တောင်ကိုရီးယားအစိုးရသည် ပြည်သူ ၄၄၇၃၃၄၀၆ ဦး သို့မဟုတ် လူဦးရေစုစုပေါင်း၏ ၈၇ ဒသမ ၂ ရာခိုင်နှုန်းကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကျန်ပြည်သူ ၄၄၂၈၇၆၄ ဦး သို့မဟုတ် လူဦးရေစုစုပေါင်း၏ ၈၆ ဒသမ ၂ ရာခိုင်နှုန်းကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားပြည်သူ ၂၉၄၂၀၆၄ ဦး သို့မဟုတ် လူဦးရေစုစုပေါင်း၏ ၅၇ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှု ခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# မော်ရိုကိုနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၂၀၂၁ ခုနှစ်အတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်

**ရာဘတ် ဖေဖော်ဝါရီ ၁၃**

မော်ရိုကိုနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၀ ပြည့်နှစ်အတွင်းက ၁၁ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် အတွင်း ၁၂ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်အတွင်း မော်ရိုကိုနိုင်ငံ၌ ကျေးလက်ဒေသများ၏ အလုပ်လက်မဲ့နှုန်းသည် ငါးရာခိုင်နှုန်းအထိ ကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး မြို့ပြဒေသများ၏ အလုပ်လက်မဲ့နှုန်းသည် နှစ်စဉ် ၁၆ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မော်ရိုကိုနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမတိုင်မီ ၂၀၁၉ ခုနှစ်အတွင်းက ရှိခဲ့သည့် ၉ ဒသမ ၂ ရာခိုင်နှုန်း အထက်တွင် ရှိနေဆဲဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်းက မော်ရိုကိုနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၉ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

မော်ရိုကိုနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ်အတွင်းက ခုနစ် ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

■

# တရုတ်နိုင်ငံက Pfizer မှ ထုတ်လုပ်သည့် သောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတင်သွင်းမှု ခွင့်ပြုပေးခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၁၃**

တရုတ်နိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Pfizer မှ ထုတ်လုပ်သည့် သောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား နိုင်ငံအတွင်းတင်သွင်းမှုကို ခွင့်ပြုပေးခဲ့ကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်ကို အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။




တရုတ်နိုင်ငံအနေဖြင့် အဆိုပါသောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား နိုင်ငံအတွင်း တင်သွင်းမှုကို ပထမဆုံးအကြိမ် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းလည်း တရုတ်မီဒီယာများက ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံသည် Pfizer မှ ထုတ်လုပ်သည့် Paxlovid အမည်ရှိ သောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတင်သွင်းမှုကို ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ဆေးဝါးအာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၁၂ ရက်တွင် ကြေညာခဲ့သည်။

ယင်းသောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တင်သွင်းရောင်းချသူများအနေဖြင့် ဆေးဝါးနှင့်စပ်လျဉ်း၍ လေ့လာမှုရလဒ်များကို တရုတ်နိုင်ငံဆေးဝါးအာဏာပိုင်အဖွဲ့ထံသို့ တင်ပြရမည်ဖြစ်ကြောင်းလည်း သိရသည်။

**အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့**

Pfizer မှ ထုတ်လုပ်သည့် Paxlovid အမည်ရှိ သောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ဒီဇင်ဘာလအတွင်း အတည်ပြုပေးခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရကလည်း လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# အမေရိကန်၏ အရေးယူပိတ်ဆို့မှုများ ကျဆုံးနေကြောင်း အီရန်ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၁၃**

အီရန်၏ ရေနံပို့ကုန်များ အများအပြားတင်ပို့နိုင်မှုသည် အီရန်အပေါ် အမေရိကန်၏အရေးယူပိတ်ဆို့မှုများကျဆုံးနေခြင်းကို ပြသနေခြင်းပင်ဖြစ်ကြောင်း အီရန်အစိုးရပြောရေးဆိုခွင့်ရှိသူ အလီဘဟာဒိုရီဂျာရိုမီက ယနေ့ပြောကြားခဲ့သည်။

ပြီးခဲ့သောသုံးနှစ်အတွင်း အီရန်၏ ရေနံပို့ကုန်စံချိန်တင် တင်ပို့နိုင်မှုသည် အမေရိကန်၏ အီရန်အပေါ် ဖိအားပေးမှုများအချည်းနှီးဖြစ်သွားခြင်းကို ပြသနေခြင်းပင်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ မကြာသေးမီက အီရန်နိုင်ငံ၏ နေ့စဉ်ပြည်ပသို့ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစည်အရေအတွက် တစ်သန်းသို့ရောက်ရှိခဲ့သည်ဟု အနောက်နိုင်ငံများမှ မီဒီယာများ၏ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက် အီရန်အား အရေးယူပိတ်ဆို့ ပြုလုပ်ခဲ့ပြီးနောက် အီရန်၏ ပြည်ပရေနံတင်ပို့မှုများ ကျဆင်းခဲ့ရပြီး ၎င်းကာလမတိုင်မီ အီရန်သည် တစ်နေ့လျှင် ရေနံစည် နှစ်သီလီယံခန့် ပြည်ပသို့တင်ပို့ခဲ့သည်။ လက်ရှိကျင်းပလျက်ရှိသော ဗျူကလီးယားဆွေးနွေးပွဲ၌ အီရန်အပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများရုပ်သိမ်းရေးနှင့် ၂၀၁၅ နျူကလီးယားသဘောတူညီချက် ပြန်လည်အသက်ဝင်လာစေရေးအတွက် တာဝန်ရှိသူများအကြား ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄ သန်းကျော်ရှိလာ

**မော်စကို ဖေဖော်ဝါရီ ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၇၉၄၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၄၁၃၃၅၀၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၀၆ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၀၂၄၈ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၀၁၅၆၈ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၂၃၅၈၅၉ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၄၉၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ယင်းအရေအတွက်သည် ရောဂါကူးစက်ခံရသူပေါင်း ၁၁၂၃၅၈၅၉ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၇၉ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၁၃**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၃၇၉ ဦးထပ်မံတွေ့ရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၆၃၇၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၅၈ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၁၀၈၆၀ ရှိကြောင်းနှင့် ရောဂါကြောင့် သေဆုံးသူပေါင်း ၃၈၉၄၆ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၂၂၆၇၅၄ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၈၅ ဒသမ ၇ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးများအနက် ၃၁ ဒသမ ၈ သန်းအား တတိယအကြိမ် အပိုဆောင်းထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် ရုရှားသမ္မတ ပူတင်တို့ ယူကရိန်းအရေး ညှိနှိုင်းဆွေးနွေး

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်တို့သည် ယူကရိန်းနှင့် စပ်လျဉ်း၍ တင်းမာမှုများမြင့်တက်နေစဉ် ဖုန်းဖြင့် ဆက်သွယ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် ရုရှားသမ္မတ ပူတင်တို့အကြား ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြုလုပ်သည့် ညှိနှိုင်းဆွေးနွေးပွဲသည် တစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်းလည်း သိရသည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား ကျူးကျော်မှုထပ်မံပြုလုပ်ပါက အမေရိကန်နိုင်ငံနှင့် အခြားသော မဟာမိတ်နိုင်ငံများက တုံ့ပြန်မှုများကို လျင်လျင်မြန်မြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က သတိပေးပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်အနေဖြင့် ဝါရှင်တန်၏ အမြင်အပေါ် ဂရုတစိုက်လေ့လာဆောင်ရွက်သွားမည်ဖြစ်ပြီး မော်စကို၏တုံ့ပြန်ဆောင်ရွက်မည့် အသေးစိတ်ကိုလည်း ပြန်လည်ဝေမျှသွားမည်ဖြစ်ကြောင်း ကရင်မလင်တာဝန်ရှိသူက ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၂ ရက် တစ်ရက်တည်းမှာပင် ပြင်သစ်သမ္မတ မက်ခရွန်ကလည်း ယူကရိန်းအရေးနှင့် စပ်လျဉ်း၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

မက်ခရွန်နှင့် ပူတင်တို့သည် ပြင်သစ်နှင့် ဂျာမနီက ကြားဝင်ဆောင်ရွက်သော ရုရှားနှင့် ယူကရိန်းအကြား ဆွေးနွေးပွဲများကဲ့သို့သော ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။



**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းလေးသောင်းကျော်ရှိ

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၃

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၂၃၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၇၄၂၅၇၄၃ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၉၂ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၆၃၈၀၄၈ ဦးရှိလာကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးဖြစ်ပြီး ကူးစက်မှုအများဆုံးနိုင်ငံများစာရင်းတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၌ ဖေဖော်ဝါရီ ၁၁ ရက်အထိ လူဦးရေ ၁၅၂ ဒသမ ၂ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၅၅ ဒသမ ၃ သန်းသည် ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



JAPAN, US, S.KOREA AGREE TO STEP UP SECURITY COOPERATION

# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆွေးနွေး

ဟာဝိုင်အီ ဖေဖော်ဝါရီ ၁၃

မြောက်ကိုရီးယား၏ ဒုံးကျည်များ မကြာခဏ စမ်းသပ်ပစ်လွှတ်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းနှင့် မြောက်ကိုရီးယား၏ ဆောင်ရွက်ချက်သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အဟန့်အတားဖြစ်စေကြောင်း ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ပြောကြားခဲ့သည်။

မိမိတို့သုံးနိုင်ငံအကြား လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်အတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာရာရှီယိုရှီမာဆာ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချန်အီယောင်းတို့သည် ဟာဝိုင်အီ၌ ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲအတွင်း ၎င်းတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော အရေးယူဆောင်ရွက်မှုများကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ထို့ပြင် မြောက်ကိုရီးယားက ပြန်ပေးဆွဲထားခဲ့သည့် ဂျပန်နိုင်ငံသားများ ပြန်လည်လွတ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘလင်ကန်နှင့် ချန်အီယောင်တို့က ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာရာရှီအား ပြောကြားခဲ့သည်။

၎င်းတို့သည် ယူကရိန်းအရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကဏ္ဍများတွင်လည်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဟု အပြန်အလှန် ကတိပြုခဲ့သည်။ မြောက်ကိုရီးယားအရေးနှင့် ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးအတွက် မိမိတို့သုံးနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာရာရှီက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ဂျပန်၌ နိုင်ငံခြားသားများ ပြည်တွင်းဝင်ရောက်ခွင့်အား မကြာမီ ဖြေလျှော့သွားမည်

တိုကျို ဖေဖော်ဝါရီ ၁၃

ဂျပန်အစိုးရသည် နိုင်ငံခြားသားများ ပြည်တွင်းဝင်ရောက်ခွင့်ကို မကြာမီ ဖြေလျှော့သွားရန် ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

မိမိတို့သည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်နှင့် ပတ်သက်၍ ရရှိထားသော ဆေးပညာဆိုင်ရာ အချက်အလက်များကို ချင့်ချိန်ကာအခြားနိုင်ငံများမှ နယ်စပ်ဝင်ခွင့် ကန့်သတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပြီး အဆိုပါဖြေလျှော့ရေးအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ယမန်နေ့တွင် ပြောကြားသည်။

ကမ္ဘာတစ်ဝန်း နိုဝင်ဘာလမှစတင်၍ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသဖြင့် ထိုအချိန်မှစတင်၍ ဂျပန်နိုင်ငံသည် ပြည်တွင်းဝင်ရောက်ခွင့်စည်းမျဉ်းများကို တင်းကျပ်ခဲ့သည်။ သို့ရာတွင် အဆိုပါကန့်သတ်ချက်များသည် နိုင်ငံအတွင်း စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ၌ အကျိုးသက်ရောက်မှုများရှိလာသဖြင့် ပြန်လည်သုံးသပ်ရန် အဆိုပါကဏ္ဍများမှ တာဝန်ရှိသူများက အစိုးရထံ တောင်းဆိုခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂ သန်းကျော် ရှိလာ

နယူးဒေလီ ဖေဖော်ဝါရီ ၁၃

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၈၇၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၄၂၆၃၁၄၂၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၈၄ ဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၀၈၆၆၅ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၅၃၇၀၄၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၁၇၅၉၁ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၁၅၈၅၇၁၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၁၁၃၀၃၆၂၁ | ဦး |
| သေဆုံးသူ | ၅၈၃၀၉၈၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၃၁၄၈၈၃၁၅ | ဦး |

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ – လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း – ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# တရားမဝင်ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ဆိုင်ကယ် သိမ်းဆည်းရမိ




သိမ်းဆည်းရမိသည့် တရားမဝင်စားသောက်ကုန်ပစ္စည်းများနှင့် သစ်များကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက ဝေါမြို့နှင့် ရွှေသံလွင်တိုးဂိတ်အကြား ရှောင်တခင်စစ်ဆေးရာ စားသောက်ကုန်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၁၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

အလားတူ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ တောင်ငူနှင့် ပြည်ခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်ကျွန်းသစ် ၆ ဒသမ ၇၃၄၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၁၀၁၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် ရှောင်တခင်စစ်ဆေးခဲ့ရာ လေရှီးမြို့နယ်တွင် လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၁၁၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

■

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် ဗန်းမော်မြို့ အောင်သာရပ်ကွက် အမှတ်(အသ/၅၂)တွင် ငှားရမ်းနေထိုင်သည့် ချန့်ပျော့(ခ)အားတီနှင့် မချစ်စုဝေတို့၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၃၉ ပြားကို လည်းကောင်း။



ရန်ကျားဝမ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ ယာယီကားကြီးဝင်းအနီးတွင် စိုးဝင်း(ခ) အာကာစိုးနှင့် မျိုးလှိုင်ဝင်း(ခ)ဝေကြီးတို့ နှစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကို လည်းကောင်း။

**ဝင်ရောက်ရှာဖွေ**

ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် အမှတ်(ခ၀/၁၀၉)နေ ရန်ကျားဝမ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ဘိန်းဆီခဲ သုည ဒသမ ၀၁၆ ကီလိုနှင့် အဆင့်နိမ့်ဘိန်း သုည ဒသမ ၀၁၃ ကီလိုတို့ကို လည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် လုံထန်ကျေးရွာအုပ်စု လုံထန်ကျေးရွာနေ လော်လောက်ဖာ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀နှင့် ဘိန်းဖြူသုည ဒသမ ၁ ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၂-၂၀၂၂ တနင်္လာနေ့

### MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်ရတုပြည်ထောင်စုနေ့တွင် ပြောကြားသည့်မိန့်ခွန်း
၀၉:၁၅ မွေးမြူရေးရာအဖြာဖြာ
၁၀:၀၀ သတင်းထဲကသတင်း
၁၃:၃၀ MRTV National News
၁၄:၀၀ စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု အခမ်းအနားထုတ်လွှင့်မှုအစီအစဉ်
၁၆:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
၁၇:၁၀ This Week's Special Interest
၁၇:၂၅ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
၁၇:၄၅ အာရှရဲ့သဘာဝကမ်းခြေ ပလီ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ထောင်စုစိတ်ဓာတ်နှောင်ဖွဲ့ရာ
၂၁:၁၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်း 'လွမ်းရစ်တော့ငြိမ်း' (ဇော်ဝမ်း၊ ခင်သန်းနု၊ ပန်းဖြူ၊ ကိုကိုလင်းမောင်၊ MRTV ဝန်ထမ်းများ

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

07:02 Shwin Lan Chan Myae Par Zay (Thae Nu Wah)
07:08 A Visit to Yangon's Coastal Area
07:26 Unique Art of Stucco Work
07:43 Nyan Yoe Lighting Festival
08:01 Come Beat Eggs For Fun & Reward
08:25 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
08:39 Chef Life: Shaul Ben-Aderet (Israel)
09:01 News
09:27 Global Partnership for Brighter Future: Ukraine Pavilion at Expo 2020 Dubai
09:33 An Ode To Love
09:36 Crickets: Seasonal Delicacy & Job Opportunity

### MRTV NRC

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ(အပိုင်း–၁)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖိုးဖြူရွာက ရေလုပ်သားကြီးဘ၀
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း–၁)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာပြတိုက်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း–၄)
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
သဖြုတ်သီးနှင့်အမဲသားချက်
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှတောင်ဇလပ်ပန်းများရှိရာဆီသို့
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
လှိုင်ပွေမြို့သို့အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလော့နဲ့'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၁၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း–၄)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(ဆွစ်ဇာလန်နိုင်ငံ)
၁၁:၁၀ အတွေးအမြင် (အပိုင်း–၄)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၁၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားများ တိုက်ကြီးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ ကျင်းပ

**တိုက်ကြီး ဖေဖော်ဝါရီ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ တင်းနစ်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် မြို့မရဲစခန်းမှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို နံနက် ၇ နာရီခွဲတွင် ဆက်လက်ကျင်းပသည်။



ထို့နောက် တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး မြို့နယ်/ပြန်ဆက် ဦးစီးဌာနမှ ဝန်ထမ်းများက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို တက်ရောက်လာကြသူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို မင်္ဂလာဒုံမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၂-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/323302521392189/posts/1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း တစ်လုံးကို မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ ဆရာ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း တစ်လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မီးလောင်ဆုံးရှုံး**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ယမ်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ ဆရာ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း တစ်လုံးကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မိနစ် ၂၀ အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် သက်ငယ်မိုး၊ ပျဉ်ခင်း၊ ဝါးကာ နေအိမ်လိုင်းခန်း တစ်လုံး(တန်ဖိုးငွေကျပ် ၃၀၀၀၀၀ ခန့်) မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး**

ထိုကဲ့သို့ ဆရာ ဆရာမများ နေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်းကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး ဈေးဆိုင်ခန်းများ ပြန်လည်ဆောက်လုပ်နေမှုကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ၂၀၂၁ ခုနှစ် မေ ၁၅ ရက် ည ၁၂ နာရီခန့်တွင် မသမာသူအကြမ်းဖက်အဖွဲ့အစည်းများ၏ မီးရှို့မှုကြောင့် ဈေးရုံ ၃၅ ရုံအတွင်းရှိ ဆိုင်ခန်း ၉၀၁ ခန်း မီးလောင်ဆုံးရှုံးခဲ့ရသည့် ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးအတွင်း ဈေးဆိုင်ခန်းများကို အသစ်ပြန်လည်စတင်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တည်ဆောက်နေမှုအခြေအနေများကို စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးအကျိုးဆောင်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



**မှာကြား**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဈေးဆိုင်ခန်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ကာ အချိန်မီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေး၊ မီးဘေးအန္တရာယ် လုံခြုံရေးအတွက် လျှပ်စစ်မီးနှင့် ရေသွယ်ယူမှု စနစ်တကျရှိစေရေး၊ ခေတ်နှင့်အညီအဆင့်အတန်းရှိစွာ တည်ဆောက်ရေး၊ သန့်ရှင်းသပ်ရပ်မှုကို ထိန်းသိမ်းရေးတို့ကို ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်သွားရေး မှာကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး ဈေးဆိုင်ခန်းများ တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရွှေဘိုမြို့ ပန်းခြံအနီးရှိ ရေးဟောင်းကျုံးအတွင်း ဗေဒါနှင့်ဒိုက်များ ဆယ်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရေး မှာကြားပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရေးဟောင်းကျုံးသည် နှစ်ကာလကြာလာပြီဖြစ်သည့်အတွက် အလျား ပေ ၄၅၀၀ ခန့်နှင့် အကျယ် ပေ ၃၀၀ ခန့်အတွင်း၌ ဗေဒါနှင့်ဒိုက်များ ပေါက်ရောက်နေသည့်အတွက် မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေးဟောင်းအမွေအနှစ် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ပြန်လည်တူးဖော်ခဲ့ရာ လုပ်ငန်းအားလုံး၏ ၁၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ကျုံးတူးဖော်ခြင်းနှင့် ပတ်ဝန်းကျင်သာယာလှပရေးကို ယခုနှစ် ဧပြီ ၃၀ ရက်အပြီး လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စစ်တွေမြို့ရှိ ဓညဝတီဂေါက်ကလပ်၌ ဂေါက်သီးရိုက်ဖွင့်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဓညဝတီဂေါက်ကလပ်၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တီခုံနံပါတ်(၁)မှ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး စတင်ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား ၅၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြင်းခြံမြို့၌ အခြေခံပညာအထက်တန်းပြ၊ လက်ထောက်အလယ်တန်းပြနှင့် လက်ထောက်မူလတန်းပြ ဆရာ ဆရာမများခန့်ထားရေး စာမေးပွဲဖြေဆို

**မြင်းခြံ ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာအထက်တန်းပြ၊ လက်ထောက်အလယ်တန်းပြနှင့် လက်ထောက်မူလတန်းပြ ဆရာ ဆရာမများ ခန့်ထားရေးစာမေးပွဲကို ယနေ့ နံနက် ၁၀ နာရီမှ စတင်ဖြေဆိုခဲ့ကြောင်း သိရသည်။

"အခြေခံပညာ အထက်တန်းပြ၊ လက်ထောက်အလယ်တန်းပြနှင့် လက်ထောက်မူလတန်းပြ ဆရာ ဆရာမများ ခန့်ထားရေးအတွက် စာမေးပွဲမှာ ကျောင်းသင်ဘာသာရပ်/ ကျောင်းသင်ဘာသာရပ်နှင့် ဆက်နွှယ်သောဘာသာရပ်ဖြင့် ဘွဲ့တစ်ခုခုရရှိပြီး အနိမ့်ဆုံးမဟာတန်း တက်ရောက်ရန် အဆင့်မီသူ၊ စီးပွားရေးပညာဘာသာရပ်အတွက် မဟာအရည်အချင်းစစ်သင်တန်းတက်ရောက်ရန် အဆင့်မီသူများအား အထက်တန်းပြ ဆရာ ဆရာမခန့်ထားရေး စာမေးပွဲဖြေဆိုရပါမယ်။ ကျောင်းသင်ဘာသာရပ်/ ကျောင်းသင်ဘာသာရပ်နဲ့ ဆက်နွှယ်သောဘာသာရပ်ဖြင့် ဘွဲ့တစ်ခုခုရရှိပြီး အနိမ့်ဆုံး မဟာအရည်အချင်းစစ်သင်တန်းတက်ရောက်ရန် အဆင့်မီသူများအား လက်ထောက်အလယ်တန်းပြ ဆရာ ဆရာမ ခန့်ထားရေး စာမေးပွဲဖြေဆိုရပါမယ်။ ကျောင်းသင်ဘာသာရပ်/ ကျောင်းသင်ဘာသာရပ်နဲ့ ဆက်နွှယ်သောဘာသာရပ်ဖြင့် ဘွဲ့တစ်ခုခုရရှိသူများအား လက်ထောက်မူလတန်းပြ ဆရာ ဆရာမခန့်ထားရေး စာမေးပွဲဖြေဆိုရမှာ ဖြစ်ပါတယ်"ဟု မြင်းခြံခရိုင်ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းလှိုင်က ပြောသည်။

အဆိုပါ အခြေခံပညာ အထက်တန်းပြ၊ လက်ထောက်အလယ်တန်းပြနှင့် လက်ထောက်မူလတန်းပြ ဆရာ ဆရာမများ ခန့်ထားရေး စာမေးပွဲကို ယနေ့ နံနက် ၉ နာရီမှစတင်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စသည့်ဘာသာရပ် သုံးခုအား ဘာသာရပ်တစ်ခုလျှင် အချိန် ၁ နာရီ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲသို့ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၃၅၃ ဦး ဖြေဆိုခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**



# ရန်ကုန်မြို့ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၇ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်း စည်ပင်အိမ်ရာဝင်း၌ ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသား၊ ငါး၊ ပုစွန် အမျိုးမျိုးတို့ကို ဝန်ထမ်းမိသားစုများ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်စေရန်၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးသည်။



ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီးသဘာဝဥယျာဉ် ကရဝိက်ဝင်ပေါက်မှ တေဇာဒီပကျွန်းအကြား လူကူးသစ်သားတံတား ပြန်လည်ပြုပြင်ခင်းကျင်းနေမှုကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် ရန်ကုန်စီးပွားရေးတက္ကသိုလ် မာလာဆောင်ရှေ့ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှ ခြံစည်းရိုးနှင့် လူသွားစင်္ကြံအကြား မြေပြုပြင် မြက်စိုက်၍ မြေယာရှုခင်း ဆောင်ရွက်ထားမှုများကို လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ မင်္ဂလာကန်သို့ သွားရောက်၍ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှ ကန်ပေါင်နှင့် ခရေပင်လမ်းအကြား မြေပြုပြင် မြက်စိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကန်ပေါင်ပေါ်တွင် လူသွားစင်္ကြံစက်ဘီးလမ်း ခင်းကျင်းနေမှုတို့ကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၃) ဒညင်းကုန်းရပ်ကွက်ရှိ ရွှေပြည်သာတံတား ပြန်လည် ပြုပြင်ရေးအတွက် ရေလယ်တိုင် အမှတ်(၄) (P4) ရေတိုက်စားခြင်း ကာကွယ်ရန်အတွက် ကျောက်ချခြင်းလုပ်ငန်းနှင့် ရွှေပြည်သာဘက်အခြမ်း ရေလယ်တိုင် P1 နှင့် လှိုင်သာယာဘက်အခြမ်း ရေလယ်တိုင် P6 တို့၏ ဆွေးမြည့်နေသော သံမဏိသံပေါင် Bottom Chord များ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**သတင်းစဉ်**





# ကချင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော်၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ သွားရောက်၍ ပြခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် ယဉ်ကျေးမှုအဖွဲ့သည် နေပြည်တော် လွှတ်တော်အဆောက်အအုံများကို ဆက်လက်လေ့လာကြရာ ပြည်ထောင်စုလွှတ်တော် ဧည့်ကြိုဆိုရေးအဆောင်၌ ပြသထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်ဖြစ်သော ယွန်းထည်ဆွမ်းအုပ်ကြီးနှင့် သစ်အမျိုးအစား ၈၂ မျိုးတို့ကို ကြည့်ရှုကြပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၊ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမများသို့ လေ့လာကြရာ တာဝန်ရှိသူများက လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် လွှတ်တော်ရေးရာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ယဉ်ကျေးမှုအဖွဲ့သည် အမျိုးသားပြတိုက်၊ ဆာဖာရီဥယျာဉ်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်များသို့လည်း ဆက်လက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ဧက ၈၈၀၀၀ ကျော် လျာထားပြီး စိုက်ပျိုးဆောင်ရွက်နေ

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် နွေစပါးစိုက်ဧက ၈၈၀၀၀ ကျော် လျာထားပြီး စိုက်ပျိုးဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးနန္ဒထွန်းတင်က ပြောကြားသည်။



အဆိုပါ နွေစပါးစိုက်ဧကများကို ခရိုင်ခုနစ် ခရိုင်ရှိ မြို့နယ် ၂၁ မြို့ နယ်တွင် စိုက်ဧက ၈၈၉၀၈ ကို လျာထားစိုက်ပျိုးဆောင်ရွက်နေကြောင်း၊ ယင်းနွေစပါးစိုက်ဧကများကို ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ စိုက်ဧက ၁၇၅၈၀ ကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိနေသည့် စိုက်ဧက ၇၁၃၂၈ ဧကကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

## ရွှေသွယ်ရင်မျိုး

"နွေစပါးကို စိုက်ပျိုးတာဆိုရင် မျိုးစပါးအနေနဲ့ မျိုး သုံးမျိုးကို အဓိကထား စိုက်ပါတယ်။ အများဆုံးစိုက်ပျိုးတာကတော့ ရွှေသွယ်ရင်မျိုးကို စိုက်ပါတယ်။ ရက် ၉၀၊ ရက် ၁၁၀ စပါးမျိုးတွေကိုလည်း စိုက်ပါတယ်။ အဲဒါပြင် အခြားအထွက်ကောင်း စပါးမျိုးများကိုလည်း စိုက်ကြပါတယ်။ နွေစပါးစိုက်ချိန်က ဇန်နဝါရီလကနေ စစိုက်ပါတယ်။ ဧပြီလမှာဆိုရင် ကွင်းပိတ်မှာပါ။ ကျန်ရှိဧကတွေလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။ သက်တမ်းတိုမျိုးတွေကို စိုက်ကြပါတယ်။ စပါးမျိုးသက်တမ်းအနေနဲ့ကတော့ ရက်ပေါင်း ၁၂၀ ရှိပါတယ်။ ဒီနှစ် မိုးစပါးအထွက်နှုန်းအနေနဲ့ တစ်ဧကကို ၈၀ ဒသမ ၄၆ တင်းနှုန်း ထွက်ရှိပါတယ်။ မနှစ်ကထက် တစ်တင်းနီးပါး တိုးပါတယ်။ ခုနွေစပါးကတော့ စိုက်ပျိုးနေတာတွေပဲ ရှိပါသေးတယ်"ဟု ၎င်းက ရှင်းပြသည်။

ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၂၁ မြို့နယ်တွင် နွေစပါးစိုက်ပျိုးလျက်ရှိသည့် ဧကများမှာ မန္တလေးခရိုင်၌ မန္တလေးတွင် ဧက ၉၀၊ အမရပူရတွင် ၇၃၇၆ ဧက၊ ပုသိမ်ကြီးတွင် ၁၉၇၃၇ ဧက၊ ပြင်ဦးလွင်ခရိုင်၌ မတ္တရာတွင် ၄၃၅၀၂ ဧက၊ စဉ့်ကူးတွင် ၆၆၁၁ ဧက၊ သပိတ်ကျင်းတွင် ၁၃၆၇ ဧက၊ တကောင်းတွင် ၁၃၇ ဧက၊ ကျောက်ဆည်ခရိုင်၌ ကျောက်ဆည်တွင် ၅၅၃ ဧက၊ စဉ့်ကိုင်တွင် ဧက ၆၉၀၊ မြစ်သားတွင် ၃၇၆ ဧက၊ တံတားဦးတွင် ၁၁၅ ဧက၊ မိတ္ထီလာခရိုင်၌ မိတ္ထီလာတွင် ဧက ၈၂၀၊ မလှိုင်တွင် ၁၄ ဧက၊ မြင်းခြံခရိုင်၌ မြင်းခြံမြို့နယ်တွင် ဧက ၁၇၈၀ ကျော်၊ တောင်သာမြို့နယ်တွင် ဧက ၁၂၀၀၊ နွားထိုးကြီးမြို့နယ်တွင် ဧက ၁၅၀၊ ငါန်းဇွန်မြို့နယ်တွင် ဧက ၉၉၀၊ ညောင်ဦးခရိုင်၌ ညောင်ဦးမြို့နယ်တွင် ၄၀၅ ဧက၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဧက ၉၈၀၊ ရမည်းသင်းခရိုင်၌ ရမည်းသင်းမြို့နယ်တွင် ဧက ၁၄၀၀၊ ပျော်ဘွယ်မြို့နယ်တွင် ၆၁၅ ဧကတို့ဖြစ်ပြီး စုစုပေါင်း စိုက်ဧက ၈၈၉၀၈ ဧကကို စိုက်ပျိုးဆောင်ရွက်နေကြောင်း သိရသည်။

## ၈၀ ဒသမ ၄၆ တင်းနှုန်း ထွက်ရှိ

တိုင်းဒေသကြီးအတွင်း မိုးစပါး ၅၀၇၈၉၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ရိတ်သိမ်းဧကအနေဖြင့် ၅၀၆၈၈၉ ဧကရိတ်သိမ်းခဲ့ပြီး မိုးစပါးအထွက်နှုန်းအနေဖြင့် ၈၀ ဒသမ ၄၆ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ နွေစပါးကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် မြေအောက်ရေစနစ်ဖြင့် စိုက်ပျိုးခြင်း စသည့် စနစ်သုံးမျိုးဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ဥက္ကံမြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ကျင်းပ

တိုက်ကြီး ဖေဖော်ဝါရီ ၁၃

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် ဥက္ကံမြို့နယ်လုံးဆိုင်ရာ ဇီဝိတဒါန အောက်ဆီဂျင်စက်ရုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ဥက္ကံမြို့ ဘုရင့်နောင်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်အနီး၌ ကျင်းပသည်။

ဥက္ကံမြို့နယ်လုံးဆိုင်ရာ ဇီဝိတဒါန အောက်ဆီဂျင်စက်ရုံကော်မတီ၊ သြဝါဒါစရိယ ဆရာတော်ကြီး ဦးပညာစာရက သြဝါဒါစကားချီးမြှင့်တော်မူပြီး တိုက်ကြီးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး မင်းဇော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဇီဝိတဒါန အောက်ဆီဂျင်စက်ရုံကို ဥက္ကံမြို့နယ်လုံးဆိုင်ရာ ရွှေကျင်သုဓမ္မာဂိုဏ်းများမှ ဆရာတော်ကြီးများ၏ သြဝါဒအရ ရဟန်းရှင်လူအများပြည်သူတို့၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၁၂၀၀၀၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့သည်။ အဆိုပါစက်ရုံသည် တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုး ၁၀၀ ထုတ်လုပ်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ကိုးစီးဖြင့် နှာခေါင်းစည်း ၅၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ဆည်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးနှောင်းဝါစိုက်ဧက ၅၄၆၇ ဧက စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးနှောင်းဝါစိုက်ဧက ၇၈၉၉ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၅၄၆၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ဝါများစိုက်ရာတွင် တောင်သူများအနေဖြင့် မိုးကြိုဝါ၊ မိုးဝါနှင့် မိုးနှောင်းဝါဟူ၍ ရာသီနှစ်တစ်နှစ်တွင် သုံးကြိမ် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေအနေအထားနှင့် ဝါဈေးရရှိနိုင်မည့်အပေါ်မူတည်ကာ ဝါသီးသန့်စိုက်ပျိုးခြင်းနှင့် သီးထပ်သီးညှပ်စိုက်ပျိုးခြင်းများ စိုက်ပျိုးကြကြောင်း ကျောက်ဖျာကျေးရွာမှ တောင်သူ ဦးသိန်းဝင်းက ပြောသည်။

မိုးနှောင်းဝါများစိုက်ပျိုးရာတွင် တိုက်နယ်(၆)တွင် ဧက ၁၅၀၊ တိုက်နယ်(၇)တွင် ၂၉၂၂ ဧက၊ တိုက်နယ်(၈)တွင် ၆၄၂ ဧက၊ တိုက်နယ်(၁၁)တွင် ဧက ၁၀၀၊ တိုက်နယ်(၁၂)တွင် ၁၄၀၂ ဧက စုစုပေါင်း ၅၄၆၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ




**မော်လမြိုင်**

မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပသည်။

ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက ဖေဖော်ဝါရီ ၁၃ ရက်သည် မြန်မာနိုင်ငံ ကလေးများနေ့အဖြစ် သတ်မှတ်ကာ ပျော်ပွဲ၊ ရွှင်ပွဲများ ကျင်းပပေးခြင်းဖြင့် ကလေးငယ်များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှုမြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ ကလေးများနေ့ သတ်မှတ်ခဲ့ကြောင်း၊ ကလေးများ၏ အနာဂတ်ဘဝသာယာ လှပရေးသည် နည်းလမ်းမှန်ကန်စွာ စနစ်တကျ ပြုစုပျိုးထောင်မှသာ ကောင်းမွန်သည့် အခြေခံအုတ်မြစ်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ မော်လမြိုင် အမှတ်(၁)၊(၂)၊(၃)မူလတန်းကြိုကျောင်း၊ မော်လမြိုင်ကလေးပြုစုရေးဌာန၊ သံဖြူဇရပ်မူလတန်းကြိုကျောင်းတို့မှ သားငယ်၊ သမီးငယ်များက ပုံပြောပြခြင်းနှင့် တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြကာ မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများက “တို့ချစ်တဲ့ကမ္ဘာ” တေးသီချင်းဖြင့်တင်ဆက်ဖျော်ဖြေမှုအပြီးတွင် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အမှတ်တရ လက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

---

**ပုသိမ်**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရွှေဝါခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများတွင်ဆုရရှိကြသည့် ကလေးများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများနှင့်အတူ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ကလေးငယ်များက တေးသရုပ်ဖော်အကများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

**အမ်း**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးငွေအောင်က အဖွင့်အမှာစကား ပြောကြားပြီး အမ်းမူလတန်းကြိုကျောင်းမှ သမီးငယ်လေးများက “ရွှေတုပန်းငွေတုပန်း” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။




ဆက်လက်၍ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အကြိုလူပ်ရှားမှုဉာဏစွမ်းရည်ပြိုင်ပွဲတွင် စုပေါင်းသီချင်းဆိုပြိုင်ပွဲတွင် အကြီးတန်းအဆင့်၊ အငယ်တန်းအဆင့်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကလေးငယ်များအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငွေအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**မြစ်ကြီးနား**

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန အမှတ် (၁) အခြေခံမူလတန်းကြိုကျောင်းမှ ကြီးမှူး၍ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကာယစွမ်းရည်နှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက် အမှတ် (၁) မူလတန်းကြိုကျောင်း စမ်းသီတာခန်းမတွင် ကျင်းပသည်။

မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူလေးများက သီချင်း၊ ကဗျာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အကြိုပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဉာဏစွမ်းရည်၊ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲ၊ ကာယစွမ်းရည်ပြိုင်ပွဲတို့တွင် ဆု ရရှိခဲ့သည့် အကြီးတန်းအဆင့် အငယ်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးများအား ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကာယနှင့်ဉာဏပြိုင်ပွဲများတွင် အမှတ်(၁) မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀၄ ဦးက သီချင်း၊ ကဗျာ ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ အရောင်ရွေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ သစ်သားတုံးဆင့် ပြိုင်ပွဲနှင့် ဘောလုံးကောက်ပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မိုးယံကျ(မြစ်ကြီးနား)**

---

**လှိုင်လင်**

ဖေဖော်ဝါရီ ၁၃ ရက်သည် မြန်မာနိုင်ငံ ကလေးများနေ့ဖြစ်ရာ လူမှုဝန်ထမ်းဦးစီးဌာန လှိုင်လင်မူလတန်းကြိုကျောင်းတွင် ကလေးငယ်များ ကာယစွမ်းရည် ဖွံ့ဖြိုးတိုးတက်ပြီး ဉာဏ်ပညာထက်မြက်စေရန် ကာယစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါ မူလတန်းကြိုကျောင်းတွင် ကျင်းပသည်။

ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲများကို ကျင်းပပြီးနောက် ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုဆုများပေးအပ်ပွဲကို ကျင်းပရာ လှိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူးဦးကံစော လှိုင်နှင့် ဇနီးဒေါ်ခင်လှိုင်းဝေ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်သည်။

အဆိုပါ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် လှိုင်လင်မူကြိုကျောင်းမှ ကလေးငယ် ၆၀ တို့က ကာယစွမ်းရည် ပြိုင်ပွဲတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ကလေးမိဘများလည်း တက်ရောက် အားပေးကြကြောင်း သိရသည်။

**လှိုင်လင်မိုး**




---




**ပခုက္ကူ**

မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကလေးများ၏ ကာယ/ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ပခုက္ကူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းက မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်းအကြောင်းများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူ ကလေးငယ်များက စည်းလုံးခြင်း အတွက် သီချင်းတစ်ပုဒ်ဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပုံပြင်ပြော၊ ကဗျာရွတ်၊ ပန်းချီ ကာတွန်း၊ အာလူးကောက်၊ မုန့်စား၊ ဖိနပ်စီးပြေး၊ လက်ဆင့်ကမ်းအပြေး၊ မီတာ(၁၀၀) အပြေး၊ အရုပ်ထောင်ပြေးပြိုင်ပွဲစသည့် ကလေးများ၏ ကာယ/ဉာဏ ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများရရှိသည့် ကျောင်းသား ကျောင်းသူကလေးငယ်များအား မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပခုက္ကူမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကလေးများနေ့၊ လက်တွဲညီညာနေ၊ ပြည်ထောင်စု ပျော်ပွဲသီချင်းများဖြင့်လည်းကောင်း၊ ဂုဏ်ပြုကြစို့၊ အာရုဏ်ဦးက ကြယ်နီ၊ အောင်ဆန်းဇာနည်၊ ကိုးဦးအာဇာနည်၊ ဒို့ဗိုလ်ချုပ် စသည့်ကဗျာများဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အမှိုက်ကောက်တေးသရုပ်ဖော်ဖြင့်လည်းကောင်း အသီးသီး ကပြသီဆိုဖျော်ဖြေ တင်ဆက်ပေးကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

---

**ကမမောင်း**

ကရင်ပြည်နယ် ကမမောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်နှင့် ကလေးများနေ့ အထိမ်းအမှတ်စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲတို့ကို ကျင်းပသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ် အကြောင်းအရာများ ပြသထားသည့် နံရံကပ်စာစောင်များကို အသိပညာပေး ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုမှတ်သား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရ သည်။

**ကမမောင်း(ပြန်/ဆက်)**

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သက်ဆိုင်ရာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ် နံနက် (၉)နာရီမှ ညနေ (၄) နာရီအထိ ပိတ်ရက်မရှိCOVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန်လိုအပ်သောလူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၆၇

၀၉ ၈၈ ၂၅၅၅၀၆၈

၀၉ ၈၈ ၂၅၅၅၀၆၉

**မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၇၁

၀၉ ၈၈ ၂၅၅၆၃၃၈

၀၉ ၈၈ ၂၅၅၆၃၄၀

**အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၆၃

၀၉ ၈၈ ၂၅၅၅၀၆၄

၀၉ ၈၈ ၂၅၅၅၀၆၅

**အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၄၉

၀၉ ၈၈ ၂၅၅၅၀၆၁

၀၉ ၈၈ ၂၅၅၅၀၆၂

**ကျန်းမာရေးဝန်ကြီးဌာန**

## ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ဖြတ်တောက်ထိန်းချုပ်နိုင်ရေး မိုဘိုင်းအသွင်ဖြင့် ရပ်ကွက်များအတွင်း RTD ဖြင့် ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဖေဖော်ဝါရီ ၁၃**

ကော့သောင်းမြို့ ရပ်ကွက်များအတွင်း ကိုဗစ်-၁၉ရောဂါ ကွင်းဆက်ဖြတ်တောက် ထိန်းချုပ်နိုင်ရေး မိုဘိုင်းအသွင်သဏ္ဌာန်ဖြင့် ရပ်ကွက်များအတွင်း ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က RTD ဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အေးမြကန်သာရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ပါးစပ်နှာခေါင်းစည်း မတပ်ဆင်ဘဲ လမ်းထွက်သွားလာနေကြသည့် မြို့နေပြည်သူများအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စစ်ဆေးရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကော်မတီဝင်များ၊ ကျန်းမာရေးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များ၏ အကူအညီဖြင့် ကော့သောင်းမြို့တွင် ဆိုင်ကယ်၊ မော်တော်ကားများအား ရပ်တန့်စေပြီး ဆိုင်ကယ်နှင့် ကားပေါ်ပါလာသူများအား RDT ဖြင့် စစ်ဆေးကာ နှာခေါင်းစည်းတပ်ဆင်ထားခြင်း မရှိသူများအား ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပိုးတွေ့ရှိပါက ဆေးကုသမှုခံယူစေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် ရပ်ကွက်များတွင် ရောဂါလက္ခဏာမပြဘဲ သာမန်လူများကဲ့သို့ သွားလာလှုပ်ရှားလျက် ရောဂါကူးစက်ပြန့်ပွားမှုကိုဆက်လက်ဖြစ်ပေါ်စေနိုင်သဖြင့် ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကိုဖြတ်တောက် ထိန်းချုပ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**






## လေးမျက်နှာမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**လေးမျက်နှာ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဗိုလ်ချုပ်လမ်းဆုံနှင့် အိုင်သပြုလမ်းဆုံတို့တွင် ယနေ့နံနက် ၇ နာရီက လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုနှင့် ကိုဗစ်- ၁၉ မျိုးကွဲသစ် အိုမီခရွန် ရောဂါ ကြိုတင်ကာကွယ်ရေး Fitness Dance အကများဖြင့် အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

လေးမျက်နှာမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါကူးစက်ပျံ့နှံ့မှုမှ ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ လေးမျက်နှာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဆိုင်နှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းကာ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်သည် ရက်ပိုင်းအတွင်းနိုင်ငံအများအပြား၌ ကူးစက်ပျံ့နှံ့မှုပိုမိုများပြားလာခြင်းနှင့် မြန်မာနိုင်ငံတွင် ပိုးတွေ့ရှိလာခြင်းတို့ကြောင့် ကိုဗစ်-၁၉ရောဂါမျိုးကွဲသစ်အိုမီခရွန်ကို ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူများအနေဖြင့် နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းစနစ်တကျ တပ်ဆင်ရေး လှုပ်ရှားမှု ပြုလုပ်ခဲ့သည်။

ကိုဗစ် – ၁၉မျိုးကွဲသစ်အိုမီခရွန်ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျောင်းသူများက Fitness Dance အကများဖြင့် အသိပညာပေး ကပြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဟိန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါကြိုတင်ကာကွယ်ရေး မင်းလှမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**အထက်မင်းလှ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ကိုဗစ်-၁၉ မျိုးကွဲသစ်အိုမီခရွန်ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို ယနေ့ နံနက် ၈ နာရီက မင်းလှမြို့အဝင်တံတိုဂံလမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် ဇေယျာသီရိဈေးတို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများ၊ ဈေးရောင်း ဈေးဝယ်ပြည်သူများအား ကိုဗစ်-၁၉ မျိုးကွဲသစ်အိုမီခရွန်ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် နေအိမ်ပြင်ပထွက်ခွာ သွားလာရာတွင် နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျတပ်ဆင်သွားလာရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရန်တို့ကို အသိပညာပေးပြောကြားခဲ့ပြီး နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းတစ်ခုလျှင် ၅၀၀ ကျပ် နှုန်းဖြင့် တစ်ဦးလျှင် နှာခေါင်းစည်းနှစ်ခုဝယ်ယူစေပြီး လက်တွေ့တပ်ဆင်အရေးယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## ဒေါပုံမြို့နယ်၌ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ထိန်းချုပ်နိုင်ရေးနှင့် ဒေသခံမိဘပြည်သူများနှင့် ခရီးသွားပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာကျင့်သုံးစေရေး ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီခွဲမှစ၍ ပူးပေါင်းအဖွဲ့ဖြင့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်၍ နှာခေါင်းစည်းများကို(အခမဲ့)ဖြန့်ဝေပေးသည်။

ဒေါပုံဈေးအတွင်းတွင် ဈေးဝယ်၊ ဈေးသည်များအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သွားလာစေရေး အသိပညာပေးခြင်း၊ ဒေါပုံဈေးအတွင်း ဈေးရောင်းချနေသူများ၊ ဈေးဝယ်သူများထံသို့ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ ပူးပေါင်းမှုဖြင့် ပါးစပ်နှာခေါင်းစည်း ၇၀၀ ကို အခမဲ့ဖြန့်ဝေပေးကြပြီး စနစ်တကျ တပ်ဆင်ရေး အသိပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ယဉ်မော်(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

ဓမ္မ
ပုံပြင်

# ကုန်းသမား

မင်းယုဝေ

ဆဋ္ဌမနေ့သို့ရောက်သော် ဘေဒကမင်းကြီးသည် လုလင်ကို ခေါ်စေပြန်သည်။

“ အမောင်၊ မှတ်သားဖွယ်စကားထူး၊ စကားဆန်းကို ဆိုပါဦးလေ့” ဟု မိန့်တော်မူသည်။ ထိုအခါ လုလင်က...

“အရှင်မင်းမြတ်၊ ‘ကုန်းသမားကို မထားစကောင်း၊ အလောင်းစင်စစ် သေသည့်တိုင်အောင် အကျိုးမဲ့ဆောင်၏’ ဟူသော စကားကိုကြားဖူးတော်မူပါသလော” ဟု မေးလျှောက်သည်။

မင်းကြီးက “အမောင်၊ ငါ မကြားဖူးပါ၊ ထင်စွာဆိုပါလေ့” ဟုဆို၏။ သည်တွင် လုလင်က သာယာချောင်စွာ လျှောက်ထားလေသည်။

“အရှင်မင်းမြတ်၊ တစ်ရံရောအခါ ဒွါရာဝတီပြည်၌ မဟာကံသမင်းကြီးသည် တရားနှင့်ညီစွာ မင်းပြုပါသည်။ တစ်နေ့သ၌ ဂင်္ဂါမြစ်၏ အညာ၌နေသော တစ်နိုင်ငံမင်းသည် မိမိ၏ပြည်၌ လူဆိုးလူကြမ်းတို့ကို စစ်ဆေးပါသည်။ ထိုအခါ ဆယ်နှစ်တိုင်အောင် ခိုးသူပြု၍နေသော ခိုးသားတစ်ဦးကိုလည်းကောင်း၊ မိဘဆွေမျိုးတို့၏ဥစ္စာကို ဖြုန်းတီး၍ မိဘဆွေမျိုးတို့အား ညှဉ်းပန်းနှိပ်စက်နေသော ဘိန်းစားတစ်ဦးကိုလည်းကောင်း၊ တစ်ယောက်နှင့်တစ်ယောက်မသင့်အောင် ကုန်းချောသမားတစ်ယောက်ကိုလည်းကောင်း တွေ့ရှိပါသည်။ ထိုအခါ မင်းကြီးကသည်လူသုံးယောက်တို့သည် ပြည်ရွာနှင့်မတန်၊ ပြည်နှင်ဒဏ်ခတ်စေဟု မိန့်တော်မူပါသည်။

မင်းချင်းတို့လည်း အမိန့်တော်အတိုင်းပင် ဖောင်ဖွဲ့ပြီးလျှင် ထိုသူသုံးယောက်ကို ဖောင်၏ တိုင်လယ်၌ချည်၍ ရိက္ခာနှင့်တကွ ဂင်္ဂါမြစ်တွင်း မျှောလိုက်ပါသည်။

ထိုသူသုံးယောက်သည် ဒွါရာဝတီဆိပ်ကမ်းသို့ ရောက်လာပါသည်။ မဟာကံသမင်းကြီးသည် ထိုသူသုံးယောက်ကိုဆယ်စေ၍ ရှေ့တော်သို့ခေါ်ပြီးလျှင် စစ်မေးတော်မူပါသည်။

“သင်တို့ မည်သို့သောအပြစ်မျိုးရှိ၍ နိုင်ငံမှ နှင်ထုတ်ခြင်းခံရပါသနည်း” ဟူ၍ မေးတော်မူပါသည်။

သူခိုးက “ကျွန်တော်မျိုးကို မင်းကြီးကနှင်ဆယ်နှစ်ပြည့်အောင် ခိုး၍စားရသလော၊ နောင်အသက်ရှည်သော်လည်း ခိုး၍ပင်စားမည့်သူဖြစ်သည်။ ငါ့နိုင်ငံနှင့်မတန်၊ တခြားသို့ သွားလေတော့” ဟုဆိုကာ နိုင်ငံမှနှင်ထုတ်လိုက်ပါသည်ဟု လျှောက်ပါသည်။

ဘိန်းစားကလည်း...

“မင်းကြီးက ကျွန်တော်မျိုးကို နင်သည် မိဘဆွေမျိုး၏ ပစ္စည်းဥစ္စာကို သုံးဖြုန်း၊ မိဘဆွေမျိုးတို့ကို ညှဉ်းပန်းနှိပ်စက်လျက် ဘိန်းစားကာ မိုက်မဲနေသူဖြစ်သည်။ ငါ့နိုင်ငံနှင့်မတန်ဟုဆိုကာ နိုင်ငံမှနှင်ထုတ်လိုက်ပါသည်” ဟူ၍ လျှောက်ထားပါသည်။ ထို့နောက် ကုန်းသမားကလည်း ...

“မင်းကြီးက ကျွန်တော်မျိုးကို နင်သည် အချင်းချင်းမသင့်အောင် ကုန်းချောရာသလော၊ နိုင်ငံမှထွက်ခွာစေဟုဆိုကာ နှင်ထုတ်လိုက်ပါသည်” ဟူ၍ လျှောက်ထားပါသည်။

မဟာကံသမင်းကြီးသည် ထိုသူသုံးယောက်တို့အား ကယ်သင့်၊ မကယ်သင့် စဉ်းစားတော်မူပါသည်။ ထို့နောက် သူခိုးသည် စားသုံးရန် ဥစ္စာမရှိ၍သာ ခိုးဟန်တူသည်။ ဥစ္စာရှိလျှင် ခိုးမည်မထင်။ သင်းကို ဥစ္စာလုံလောက်စွာပေး၍ ငါ့နိုင်ငံ၌ထားမည်။ အကယ်၍ ရှေ့ဆက်ကာ မခိုးမဝှက်ပါက အပြစ်မှ ချမ်းသာပေးမည်။ ဆက်လက်ခိုးဝှက်ပါမူ အပြစ်ဒဏ်စီရင်မည်။ ဘိန်းစားကို ဘိန်းပြတ်အောင် ဆေးသမားတို့ဖြင့် ကုသပေးမည်။ ဘိန်းပြတ်သော် ငါ့နိုင်ငံ၌ ကောင်းစွာနေခွင့်ပြုမည်။ ဘိန်းမပြတ်သော် အပြစ်ဒဏ်စီရင်မည်ဟုဆိုကာ ထိုသူနှစ်ယောက်ကို ဆိုင်ရာသို့အပ်နှံကာ နေထိုင်ခွင့်ပြုလိုက်ပါသည်။

သို့ရာတွင် ကုန်းသမားကိုမူကား ခွင့်မလွှတ်ပါ။ ရှေးသောအခါ ဝေသာလီပြည်၌ လစ္ဆဝီမင်းတို့သည် နှစ်ပေါင်း တစ်သောင်းခုနစ်ထောင်ပတ်လုံး အချင်းချင်း ချစ်ကြည်သင့်မြတ်စွာ မင်းပြုလာသည်ကို အဇာတသတ်မင်းသည် ဝဿကာရအမတ်ကို စေ၍ ကုန်းတိုက်စေသဖြင့် အချင်းချင်းကွဲပြားခဲ့ကြသည်။ ပျက်စီးခြင်းသို့ရောက်ခဲ့ရသည်။ ထို့အပြင် နွားနှင့်ကျား အဆွေခင်ပွန်းပြု၍ ချမ်းမြေ့စွာနေထိုင်သည်ကို နတ်ဆိုးကုန်းတိုက်သဖြင့် ပျက်စီးခြင်းသို့ရောက်ခဲ့ကြောင်း ပုံသက်သေလည်း ရှိခဲ့သည်ဆိုကာ ကုန်းသမားကို ပြစ်ဒဏ်စီရင်လိုက်ပါသည်။

လက်မရွံ့အာဏာသားတို့လည်း မင်းကြီးအမိန့်တော်အတိုင်းပင် ကုန်းသမားကို သုသာန်သို့ထုတ်ကာ အဆုံးစီရင်လိုက်ကြပါသည်။

သို့စီရင်ပြီး နောက်တစ်နေ့တွင် မင်းကြီးသည် အခြေအနေကိုသိလိုသဖြင့် မင်းချင်းတစ်ယောက်အား “ကုန်းသမားအလောင်းကို သွား၍ကြည့်ချေ” ဟု စေလိုက်ပါသည်။

မင်းချင်းလည်း သွားကြည့်သော် ကုန်းသမားအလောင်းက ခေါင်းထောင်ပြီးလျှင်

“ဟယ်... ယောက်ဖ၊ နင်တို့မင်းကြီး ငါ့ကိုကြောက်လျှင် ငါ့ထံလာခဲ့၊ မလာလျှင် ငါလာမည်ပြောလိုက်” ဟုဆိုပါသည်။ မင်းချင်းယောက်ျားလည်း ထိုအကြောင်းကိုမင်းကြီးအား လျှောက်တင်ပါသည်။

မင်းကြီးက “လူသေ စကားပြောသည်ဟူ၍ ငါမကြားစဖူး။ ဟုတ်၊ မဟုတ် သိရန် စုံစမ်းချေ” ဟုဆိုကာ ပထမမင်းချင်းနှင့်အတူ အဖော်နှစ်ယောက်ကို ထည့်၍ ကြည့်စေပါသည်။

အဖော်နှစ်ယောက်နှင့်အတူ မင်းချင်းပြန်လာသောအခါ ကုန်းသမားအလောင်းသည် စကားမဆိုဘဲ ငြိမ်နေပါသည်။ ထိုသူတို့လည်း မင်းကြီးထံပြန်၍ ကုန်းသမားအလောင်း စကားမဆိုကြောင်း လျှောက်တင်ကြပါသည်။

ထိုအခါ မင်းကြီးက ပထမမင်းချင်းအား... “နင်သည် ငါ့ကိုခြောက်၍ လိမ်လည်လျှောက်ရသလော” ဟူ၍ဆိုကာ ထိုမင်းချင်းကိုသတ်စေပါသည်။ မင်းချင်းကို အဆုံးစီရင်ပြီးသောအခါ ကုန်းသမားအလောင်းက ခေါင်းထောင်၍ “ဘယ့်နှယ်ရှိစ” ဟု ဆိုပါသည်။

ထိုအကြောင်းကို မင်းကြီးကြားသိသော် ကုန်းသမားကြောင့် ငါသည် အပြစ်မဲ့သောမင်းချင်းကို သတ်မိလေပြီဆိုကာ ကြီးစွာနောင်တရခဲ့ပါသည်။ ထို့နောက်...

“ကုန်းသမားအလောင်းကိုလူမြင်အောင် ထား၍မသင့်၊ မြေမြှုပ်လေ့” ဟုဆိုကာ မြေမြှုပ်စေခဲ့ပါသည်။


“အရှင်မင်းကြီး ဤပုံသက်သေကို ထောက်၍ ကုန်းသမားတို့ကို သတိပြုသင့်ပါသည်။ ကုန်းသမားတို့ ကုန်းချောသည့်စကားကိုလည်း မယုံကြည်သင့်ပါ။”

ဤသို့ လုလင်က လျှောက်တင်သောအခါ ဘေဒကမင်းကြီးက “လုလင်၊ သင်သည် ပညာရှိပါပေသည်။ သင့်စကားထူးကိုကြားနာရသဖြင့် ငါ့မှာအကျိုးထူးပါပေသည်” ဟူ၍ ချီးမွမ်းပြောဆိုသည်။ ထို့နောက် ရွှေစင်တစ်ထောင် ချီးမြှင့်လိုက်လေသည်။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

# သာတော့ခါ သာပါလိမ့်

တစ်ညခါတွင်
လ, ဝါဝိုင်းစက်၊ ရောင်ခြည်လက်၍
ပြိုးပြက်ခစား၊ ကြယ်ရံများနှင့်
မိုးဖျားဖွေးလျက် သာသတည်း။
ထိုအချိန်ဝယ်
မြူတိမ်တတိုက်၊ လ, ကိုလိုက်၍
ဝန်းဝိုက်ကာထား၊ ဖြတ်ကာသွားလျက်
ဝိုးဝါးထွေးယှက်ကာသတည်း။
ငါ့စိတ်တွင်မူ
သည်မြူတိမ်တိုက်၊ ညကိုမိုက်အောင်
ဝန်းဝိုက်ကာသာ၊ ထွေးယှက်ကာ၏
ဘယ်ခါဘယ်မှ၊ ရှောင်သွေပ၍
မိုးလနတ်သား၊ လွတ်ရပြောဟု
စိုးအားတွေးလျက် ဖြာသတည်း။
သို့တစေတည်း
မသွေရုတ်ချည်း၊ လေသုတ်ညင်းက
ရှောင်ကွင်းတိမ်စု၊ ခွာရှဲပြုလိမ့်
ညံ့နုလေပြည်၊ လာလိမ့်မည်ဟု
မျှော်ရည်စောင့်စား၊ သောကပါးသည်
ညှိုးအားဝေးလျက် ကွာသတည်း။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှု ဘဝ

# လူကြီးများ၏ လမ်းညွှန်မှုကို တန်ဖိုးထားပါ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ယနေ့ ဆယ်ကျော်သက်လူငယ်များသည် နောင်တစ်နေ့တွင် လူကြီးဘဝသို့ ရောက်ရှိလာမည်မှာ ငြင်း၍ရနိုင်မည် မဟုတ်ချေ။ နိုင်ငံဒေသအတော်များများတွင် အချို့လူငယ်များသည် လူကြီးများနှင့် ထိတွေ့မှုမရှိသလောက်ဖြစ်လာသည်။ ကလေးများ၊ ဆယ်ကျော်သက်လူငယ်များသည် ကျောင်းများတွင် အချိန်ကုန်နေကြရသည်။ ကျောင်းဆင်းပြန်တော့လည်း မိဘများက လုပ်ငန်းခွင်ထဲရှိနေသဖြင့် မိဘများနှင့် ထိတွေ့ချိန်နည်းပါးလှသည်။ အမေရိကန်တွင် ရှစ်နှစ်နှင့် ၁၂ နှစ်ကြား ကလေးများသည် ဖျော်ဖြေရေးမီဒီယာတွင် တစ်နေ့လျှင် ခြောက်နာရီ အချိန်ကုန်နေကြသည်ဟု လေ့လာသိရှိရသည်။

"Hold on to your kids" စာအုပ်တွင် လူကြီးများ၏လမ်းညွှန်မှု အရေးကြီးကြောင်း ဤသို့ဖော်ပြထားသည်။

"လူငယ်တွေဟာ လမ်းပြညွှန်ကြားမှု၊ ပုံသွင်းမှုတွေကို မိဘတွေ၊ ဆရာ ဆရာမတွေ၊ လူကြီးတွေဆီက မရဘဲ ရွယ်တူချင်းတွေဆီကနေ ရယူနေကြတယ်"

စင်စစ် ဆယ်ကျော်သက်လူငယ်များအနေဖြင့် လမ်းညွှန်အကြံပေးနိုင်သောလူကြီးများ လိုအပ်ပါသည်။ ဤတွင် မိဘများသည် အကောင်းဆုံးအကြံပေး လမ်းညွှန်နိုင်သူများဖြစ်သလို ဆရာ ဆရာမများ၏ လမ်းညွှန်မှုသည်လည်း အရေးပါလှသည်။ မိဘဝတ္တရားအရ သားသမီးများကို အကြံပေးလမ်းညွှန်ပေးမှုလည်း အရေးကြီးလှသည်။ ထို့ပြင် အခြားသောလူကြီးများကလည်း ဆယ်ကျော်သက်လူငယ်များကို ကူညီလမ်းညွှန်ပေးနိုင်သည်။

လီဘာအမည်ရှိ မိခင်တစ်ဦးသည် သားသမီးများအပေါ် လမ်းညွှန်မှုအတွက် ထူးခြားသောလုပ်ဆောင်ချက်များ ပြုလုပ်ခဲ့သည်။

"သမီးလေးမွေးတော့ ပြုစုပျိုးထောင်ဖို့ ကျွန်မ အလုပ်ထွက်ပြီး အိမ်မှာနေဖို့ ကျွန်မတို့လင်မယား ဆုံးဖြတ်ကြတယ်။ ဆုံးဖြတ်ချက်အတွက် နောင်တမရဘူး။ မှန်ကန်တဲ့လမ်းညွှန်ပြသမှုရရှိဖို့ ကလေးနဲ့ အတတ်နိုင်ဆုံးအတူရှိနေဖို့ အရေးကြီးတယ်" ဟုလည်း လီဘာကပြောခဲ့သည်။

စင်စစ် ဆယ်ကျော်သက်လူငယ်များသည် ပင်ကိုသဘောအရ မိဘများ၏ သွန်သင်လမ်းညွှန်မှုကို လိုချင်ကြသည်။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်ရောက်လာလျှင် ရွယ်တူတွေထက် မိဘများ၏ အကြံဉာဏ်ကို ပိုမိုတန်ဖိုးထားကြသည်။ ဒေါက်တာလောရင့် စတိန်းဘတ်ဂ်က "You and your adolescent" စာအုပ်တွင် ဤသို့ ရေးသားထားသည်။

"မြီးကောင်ပေါက်အရွယ်၊ လူငယ်အရွယ်သားသမီးရဲ့သဘောထား၊ အမူအကျင့်ကို မိဘတွေသြဇာလွှမ်းမိုးနေတုန်းပဲ။ မြီးကောင်ပေါက်အရွယ်တွေ အနေနဲ့သင်ပြောဆိုသမျှကို လက်မခံဘူးဆိုရင်တောင် မိဘစဉ်းစားတာကို သိချင်ကြတယ်။ မိဘပြောတာကို နားထောင်ချင်ကြတယ်" ဟုဖြစ်သည်။

မိဘ၊ လူကြီးများ၏ လမ်းညွှန်မှုကို မျှော်ကိုးသော ဆယ်ကျော်သက်လူငယ်များသည် လူကြီးဘဝတွင် ဉာဏ်ပညာနှင့် ရင့်ကျက်မှု ပိုပြနိုင်စရာရှိသည်။ မိဘများအနေဖြင့်လည်း ဆယ်ကျော်သက်များအတွက် စံနမူနာပြရန်လိုသည်။ ဆယ်ကျော်သက်လူငယ်များသည် အတွေ့အကြုံများသော လူကြီးများနှင့် မိဘများထံမှ လမ်းညွှန်မှုကို ကိုယ်တိုင်ရယူလိုကြသည်။ လူကြီးမိဘများအနေဖြင့် ဆယ်ကျော်သက်လူငယ်များကို အချိန်ပေးခြင်းအားဖြင့် လူငယ်များသည် မိမိတို့အတွက် အရေးပါကြောင်းကိုလည်း ပြသရမည်ဖြစ်သည်။

မိဘများအနေဖြင့် စံနမူနာပြရာတွင် ဖခင်တစ်ဦးဖြစ်သူ ဒေးဗစ်၏လုပ်ဆောင်ချက်ကို ဤသို့တွေ့ရသည်။

"တစ်ခါတလေ အလုပ်များနေတုန်း သမီးက စကားပြောချင်တယ်လို့ ပြောတတ်တယ်။ သမီးကို အပြည့်အဝအာရုံစိုက်နိုင်အောင် ခဏလေးစောင့်ခိုင်းရရင်တောင်မှ အမြဲဦးစားပေးဖြစ်တယ်။ ကျွန်တော်တို့ ဇနီးမောင်နှံအနေနဲ့ ကိုယ်သွန်သင်ပေးတဲ့အတိုင်း နေထိုင်တယ်ဆိုတာကို သမီးတွေ့မြင်အောင် စံနမူနာကောင်း ကြိုးစားပြကြတယ်။"

မိဘများအနေဖြင့် မိမိတို့၏ ဆယ်ကျော်သက်များအတွက် စံနမူနာကောင်းပေးမည့်သူကို စဉ်းစားပြီး ထိုလူကြီးများနှင့် အချိန်ပေးပေါင်းသင်းရန် လမ်းညွှန်ပေးရမည်ဖြစ်သည်။ စီစဉ်ပေးရမည်ဖြစ်သည်။ မိဘများသည် လမ်းညွှန်ပေးရန် အကောင်းဆုံးပုဂ္ဂိုလ်များဖြစ်သော်လည်း ယုံကြည်စိတ်ချရသော အခြားလူကြီးများ၏ အားပေးစကားများဖြင့်လည်း ဆယ်ကျော်သက်များကို ထပ်မံအားဖြည့်ပေးနိုင်သည်။

အချို့မိသားစုများတွင် ဆယ်ကျော်သက်များအနေဖြင့် ဘိုးဘွားများ၊ ဦးလေး၊ အဒေါ်များ၊ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံပေါင်းသင်းရသည့်အခါ အဆိုပါလူကြီးများထံမှ သင်ယူရန် အခွင့်အလမ်းများကို မိဘများက ဖန်တီးပေးရန်လိုသည်။ ဤတွင် လူကြီးများကို မျှော်လင့်အားကိုးသော ဆယ်ကျော်သက်လူငယ်များ၏ ပင်ကိုဉာဉ်ကို အခွင့်အရေးယူကာ သူတို့အား အချိန်ပေးရမည်ဖြစ်သည်။ လူကြီးများ၏ ရှုမြင်တွေးခေါ်မှု၊ စံနှုန်းများ၊ အတွေ့အကြုံများကို ဆယ်ကျော်သက်များအား ပြောပြရမည်ဖြစ်သည်။

လူကြီးများနှင့် အချိန်ပေးပေါင်းသင်းမှု၏ အကျိုးကျေးဇူးကို "မရန်ဒါ"က ဤသို့ရှင်းပြထားသည်။

"ကျွန်မကလေးတွေဟာ အသက်အရွယ်အမျိုးမျိုးရှိသူတွေနဲ့ ကြီးပြင်းလာတာကြောင့် တခြားသူတွေရဲ့ အတွေ့အကြုံတွေကို သိမြင်ခွင့်ရကြတယ်။ ဘဝအခြေအနေတွေ ဘယ်လောက်ကွာခြားသွားသလဲဆိုတာကို ကလေးတွေ သိခွင့်ရသွားကြတယ်။ အဘွားအကြောင်း သိခွင့်ရတော့ အဘွားနဲ့ တခြားလူကြီးတွေကို လေးစားတတ်လာကြတယ်။ လူကြီးတွေနဲ့ ပေါင်းသင်းချိန်များပြီး ရွယ်တူတွေနဲ့ ပေါင်းသင်းချိန်နည်းတဲ့အခါ ဘဝကို ရှုထောင့်အမျိုးမျိုးကနေ သိခွင့်ရနိုင်ကြတယ်။"

လူကြီးများ၏ လမ်းညွှန်မှုကို ခံယူပြီး စံနမူနာပြလူကြီးများနှင့် ပေါင်းသင်းခြင်းဖြင့် ဆယ်ကျော်သက်များ၏အတွေးအမြင်များ တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။

**Ref: You and your adolescent by Laurence Steinberg, Ph.D**



## ပြုံးစရာ

### ရှူးဖိနပ်

စပ်စု။ နေ့ဘက်မှာ ပြည့်ဝနေပြီး ညဘက်ကျရင် အထဲမှာ တစ်ခုမှမရှိတော့တာ ဘာပစ္စည်းလဲကွ။
ဉာဏ်ထက်။ ရှူးဖိနပ်စီးတာကို ပြောတာပေါ့ကွာ။

### ထိတောင်မထိရသေး

သွားဆရာဝန်။ ဟေ့လူ၊ ဘာလို့ကုန်းအော်နေရတာလဲ။ ခင်ဗျားသွားကို နှုတ်ဖို့ဖြင့် ထိတောင်မထိရသေးဘူး။
လူနာ။ ဟာ၊ ဒေါက်တာက ကျွန်တော့်ခြေထောက်ကို တက်နင်းထားပြီးတော့...။

### မျက်စိအားကောင်းတယ်ဆိုတာ

ကလေး။ မုန်လာဥစားရင် မျက်စိအားကောင်းတယ်ဆိုတာ အမှန်ပဲလား ဒေါက်တာ။
ဒေါက်တာ။ တကယ်ပေါ့၊ မုန်လာဥအရမ်းစားတဲ့ယုန်တွေ ဘယ်မှာမျက်မှန်တပ်တာ တွေ့ဖူးလို့လဲ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၇၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၇ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၈၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၇၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၇.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၈၉,၈၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၄၆,၇၇၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၄၈) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၅၁၇,၅၃၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၂-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၂,၈၁၀,၂၃၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၉,၇၄၅,၂၃၆) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၀၆၄,၉၉၇) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၂-၂-၂၀၂၂)ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၄၂,၅၅၅,၄၆၉)ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
## (၁၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၅၁) ခု | (၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၇) ခု | (၅၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၈) ခု | (၈၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၈၆) ခု | (၁၈၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၂၇၂) ခု | (၂၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၀၈) ခု | (၈၁၇) ဦး |
| **စုစုပေါင်း** | **(၂၀,၈၅၀) ခု** | **(၁,၄၇၃) ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
## (၁၂-၂-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၀၆၄,၉၉၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၉,၇၄၅,၂၃၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၈၁၀,၂၃၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၂,၅၅၅,၄၆၉) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၂၉၃၉၂၄ | ၄၉၇၅၉၃၉၄ | ၉၄၂၉၄၄ |
| ၂။ | အိန္ဒိယ | ၄၂၆၃၁၄၂၁ | ၄၁၅၈၅၇၁၁ | ၅၀၈၆၆၅ |
| ၃။ | ဘရာဇီး | ၂၇၄၂၅၇၄၃ | ၂၃၅၆၈၂၁၃ | ၆၃၈၁၂၄ |
| ၄။ | ပြင်သစ် | ၂၁၆၂၂၆၅ | ၁၆၅၅၇၇၃၅ | ၁၃၄၆၉၇ |
| ၅။ | ဗြိတိန် | ၁၈၂၆၆၀၁၅ | ၁၅၉၃၁၁၀၉ | ၁၅၉၅၁၈ |
| ၆။ | ရုရှား | ၁၄၁၃၃၅၀၉ | ၁၁၂၃၅၈၅၉ | ၃၄၀၂၄၈ |
| ၇။ | တူရကီ | ၁၂၈၃၄၅၃၄ | ၁၁၉၁၅၂၀၁ | ၉၀၂၆၆ |
| ၈။ | ဂျာမနီ | ၁၂၂၇၈၈၆၂ | ၈၇၃၇၀၀၀ | ၁၂၀၅၃၃ |
| ၉။ | အီတလီ | ၁၂၀၅၃၃၃၀ | ၁၀၂၀၆၈၉၂ | ၁၅၀၈၂၄ |
| ၁၀။ | စပိန် | ၁၀၆၀၄၂၀၀ | ၇၃၆၁၆၉၄ | ၉၅၉၉၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၈၀၇၇၇၈ | ၄၃၀၉၇၆၃ | ၁၄၅၁၇၆ |
| ၂။ | ဖိလစ်ပိုင် | ၃၆၃၇၂၈၀ | ၃၅၀၀၉၅၆ | ၅၄၉၃၀ |
| ၃။ | မလေးရှား | ၃၀၁၉၁၆၃ | ၂၈၄၆၇၁၃ | ၃၂၁၁၄ |
| ၄။ | ထိုင်း | ၂၅၉၃၃၂၇ | ၂၄၄၆၀၂၂ | ၂၂၄၃၉ |
| ၅။ | ဗီယက်နမ် | ၂၅၁၀၈၆၀ | ၂၂၂၆၇၅၄ | ၃၈၉၄၆ |
| ၆။ | မြန်မာ | ၅၄၆၇၇၁ | ၅၁၇၅၃၀ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၄၆၀၀၇၅ | ၄၁၉၉၅၂ | ၈၉၃ |
| ၈။ | လာအို | ၁၃၉၀၂၈ | ၁၃၄၆၂၂ | ၅၉၄ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၃၄၄၃ | ၁၁၈၈၀၄ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၂၂၅၁၅ | ၁၇၂၃၆ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၁-၂-၂၀၂၂ ရက်နေ့မှအဆက်

"ကိုယ်ဟာ ဒီစကားကို အရင်က လွယ်လွယ်ကလေး သုံးခဲ့ဖူးတယ်။ လွယ်လွယ်နဲ့ ပါးစပ်က ပြောလို့ထွက်ခဲ့တယ်။ ချစ်တယ်လို့ လွယ်လွယ်ပြောခဲ့တာဟာ လွယ်လွယ်ချစ်တယ်၊ လွယ်လွယ်နဲ့ မေ့ပျောက်နိုင်တယ်ဆိုတဲ့ သဘောပဲ။ အမှန်တော့ ချစ်တယ်ဆိုတာ မလွယ်ပါဘူးကွယ်"

ခင်သန်းနွဲ့သည် ဘာမျှမပြောတတ်တော့သလို မောင်မောင်ဦး၏ မျက်နှာကို ငေးကြည့်နေသည်။ မကြားဖူးသောစကားကို ကြားရသည့်နှယ်ရှိသည်။

အတော်ချည်းကြာလျှင် အမျိုးသမီးက ပြုံးလိုက်ပါသည်။ သူမ၏ မျက်နှာပေါ်မှ ကြေကွဲခြင်း အရိပ်အယောင်အားလုံး လွင့်ပျောက်သွားသည်။

"ထားပါလေ။ ထားပါ။ သူ့အနေနဲ့ သူများကို ချစ်တယ် မချစ်ဘူးဆိုတာ အရေးမကြီးပါဘူး။ သူများက သူ့ကို ချစ်နေဖို့သာ အရေးကြီးတာပါ။ ဒီလိုပဲ ဖြစ်ရမယ် မဟုတ်လားဟင်"

ခင်သန်းနွဲ့သည် မောင်မောင်ဦး၏ရင်ခွင်တွင်းသို့ ကိုယ်ကိုလှဲချလိုက်သည်။ မောင်မောင်ဦး၏ လည်ကုပ်သားကို ယီးလေးခိုထားသည်။ မျက်စိများကို မှေးမှိတ်ထားလိုက်သည်။

မောင်မောင်ဦးသည် ခင်သန်းနွဲ့၏ မျက်နှာကို စိုက်ကြည့်နေသည်။ အစွမ်းကုန် ခြယ်သထားသော မျက်နှာကလေးမှာ မီးရောင်အောက်တွင် လှပနေသည်ဟု ထင်ရသည်။ သူသည် မျက်နှာကို ငုံ့နမ်းမိမည်ပြုသည်။

ယင်းအခိုက်မှာပင် နှစ်ယောက်စလုံးအတွက် တုန်လှုပ်ချောက်ချားသွားစေနိုင်လောက်အောင် ကျယ်လောင်သော အသံတစ်သံကို ကြားရသည်။ အိမ်တံခါးခေါက်သံပင်ဖြစ်သည်။

မောင်မောင်ဦး၏ ကိုယ်မှာ ဆတ်ခနဲတုန်သွားသည်။ ခင်သန်းနွဲ့၏ကိုယ်ကို တွန်းပစ်လိုက်သည်။

"ဖေဖေ ပြန်လာပြီထင်တယ်"

သူသည် တုန်တုန်လှုပ်လှုပ်ကြီး ပြောလိုက်လေသည်။ ခင်သန်းနွဲ့၏ မျက်နှာမှာ စိတ်ပျက်လက်ပျက် ဖြစ်ရသော အသွင်အပြင် ပေါ်ပေါက်လာသည်။

"အရေးကောင်းတုန်း၊ ဒိန်းဒေါင်းဖျက်တယ်ဆိုတာ ဒါမျိုးပဲထင်တယ်။




စိတ်ပျက်စရာကောင်းလိုက်တာကွယ်"

"ကဲ၊ စိတ်ပျက်မနေနဲ့ မယ်မင်းကြီးမ။ မြန်မြန်ဆင်းပြီး တံခါးဖွင့်ပေးလိုက်"

သို့တိုင်အောင် ခင်သန်းနွဲ့ မထသေး။

"လုပ်ပါ။ အတော်ကြာ ဖေဖေ သံသယဝင်လာလိမ့်မယ်"

မောင်မောင်ဦးက အတင်းအကျပ် တွန်းလွှတ်ရသည်။ သည်တော့မှပင် ခင်သန်းနွဲ့သည် အောက်ထပ်သို့ မဆင်းချင် ဆင်းချင်နှင့် ဆင်းသွားသည်။

မောင်မောင်ဦးသည် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

တော်ပါသေးရဲ့။ ကံကြီးလို့ မှားတော့မလို့။ ဘုရားမတာပါပဲ။ ဖေဖေ့ကို အချိန်မီရောက်လာအောင် နတ်များ သိကြားများက လွှတ်လိုက်တာပဲ။

ယင်းသို့လျှင် မောင်မောင်ဦး တွေးနေလေသည်။

သူသည် ခုတင်ပေါ်တွင် လဲလျောင်းနေသည်။ မျက်စိများကို မှေးမှိတ်ထားသည်။

အောက်ထပ်မှ ဖေဖေနှင့် ခင်သန်းနွဲ့၏ အသံများကို ကြားနေရသည်။

ဦးကောင်းမိုးက မောင်မောင်ဦး အိပ်ပျော်လေပြီလားဟု စုံစမ်းသည်။

"ဘယ်သိမလဲ။ သူ့ကို လိုက်ကြည့်နေတာမှ မဟုတ်ဘဲ။ အိပ်မအိပ်စောင့်ကြည့်နေရအောင် သူက ကလေးမို့လား" စသည်ဖြင့် ခင်သန်းနွဲ့ ရန်ထောင်နေသည်။

ဦးကောင်းမိုးသည် ထမင်းစားဟန်တူသည်။ ထမင်းစားခန်းဆီမှ ဇွန်းသံ၊ ပန်းကန်သံများ ကြားရသည်။ ထို့နောက်တွင်မူ လှေကားအတိုင်း တက်ရောက်လာသော ခြေသံကို ကြားရသည်။ မောင်မောင်ဦးသည်။ စာတစ်အုပ်ကို ဆွဲယူကာ ဖတ်ဟန်ပြုသည်။

"သား မအိပ်သေးဘဲကိုး"

အသံနှင့် မရှေးမနှောင်းတွင် ဖခင်ဖြစ်သူ၏မျက်နှာကို မောင်မောင်ဦး မြင်ရသည်။ ဖခင်နှင့် မျက်နှာချင်းဆိုင်ရန်အတွက် မောင်မောင်ဦး ဝန်လေးနေသည်။ မဝံ့မရဲဖြစ်နေသည်။

သူသည် "ဩော် ဖေဖေ" ဆိုကာ ခုတင်ပေါ်တွင် ထိုင်လိုက်သည်။

"သားကို ပြောစရာ သတင်းတစ်ခုရှိလို့"

သည်တော့လည်း မောင်မောင်ဦး ရင်ထိတ်ရပြန်သည်။ ခင်သန်းနွဲ့နှင့်အဖြစ်ကို ဖေဖေရိပ်မိသွားလေပြီလား စိုးရိမ်သည်။

"ဘာသတင်းပါလိမ့် ဖေဖေ"

ဦးကောင်းမိုးသည် ကူးဝါးစီးကရက်ကို ထုတ်ယူကာ တစ်လိပ်ကို မောင်မောင်ဦးထံ ကမ်းပေးသည်။

"သတင်းကတော့ အောင်ခန့်ရဲ့ သတင်းပါ။ အောင်ခန့်ကို အခု ကင်ပေတိုင်တွေ ဆွဲထားတယ်"

"ဟုတ်လား"

ဦးကောင်းမိုးအနေနှင့် ယင်းသတင်းကို ဝမ်းသာအားရ ပြောကြားခြင်းဖြစ်သည်။ မောင်မောင်ဦးကား ဝမ်းမသာနိုင်။ တအံ့တသြကြီး ဖြစ်နေသည်။

"ဘာဖြစ်လို့ ဖမ်းရတာလဲ ဖေဖေ"

"မသင်္ကာလို့ပေါ့ ။ အင်္ဂလိပ်သူလျှိုလို့ ထင်နေလို့ပေါ့ "

"ဖြစ်နိုင်ပါ့မလား ဖေဖေရယ်။ ဒီလူကြီးဟာ ခြေတစ်ဖက်ကလည်း ကောင်းကောင်းသန်တာ မဟုတ်ဘူး"

"ဖေဖေ့အနေနဲ့တော့ မထင်ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်သား"

"ဘာပါလိမ့် ဖေဖေ"

"သူဟာ အင်္ဂလိပ်သူလျှို ဟုတ်မဟုတ်ဆိုတာ သူလုပ်တဲ့အလုပ်တွေအပေါ်မှာ မတည်ဘူး။ ဖေဖေအပေါ်မှာ တည်နေတယ်။ သူ့ကိုဖမ်းလာတော့ ကင်ပေတိုင်တွေက ဖေဖေ့ကိုခေါ်မေးတယ်။ သူနဲ့ ပတ်သက်လို့ဘာသိသလဲတဲ့။ ဒီတော့ ဖေဖေက အားလုံးသိတယ်။ သူ့အကြောင်း အူမချေးခါးမကျန် သိတယ်လို့ ပြောလိုက်တယ်။ ဖေဖေ့ပါးစပ်က သူ့ကို အင်္ဂလိပ်သူလျှိုဆိုရင် သူဟာ အင်္ဂလိပ်သူလျှိုပဲ။ ဖေဖေက မဟုတ်ပါဘူးဆိုရင် မဟုတ်ဘူးပေါ့။ ဒီလိုအခြေအနေမျိုးရှိတယ်သား။ ဆိုပါတော့ကွယ်။ သူ့ရဲ့အသက်ဟာ ဖေဖေလက်ထဲမှာ ရှိနေတယ်"

မောင်မောင်ဦး ဘာမျှမပြောနိုင်ဘဲရှိနေစဉ် ဦးကောင်းမိုး စကားဆက်လာသည်။

"ယခုအခါမှာတော့ ဖေဖေဟာ သူ့ကို နိုင်ကွက်ကိုင် ထားတာပဲသား၊ အနှစ်နှစ်အလလက တေးခဲ့ငြိုးခဲ့သမျှကို ဒီနေရာမှာ လက်စားချေချင်ရင် ချေနိုင်ခွင့်ရနေပြီ"

"ဖေဖေ့မှာ အခုထက်ထိ ဒီစိတ်မျိုးရှိတုန်းပဲလားဖေဖေ။ အခြေအနေတွေက ပြောင်းခဲ့ပါပြီဖေဖေရယ်။ ခေတ်တွေလည်း ပြောင်းခဲ့ပြီပဲ။ အရင်က စိတ်ထားတွေကိုလည်း ပြောင်းဖို့ကောင်းပါပြီ"

မောင်မောင်ဦး၏စကားကို ဦးကောင်းမိုး သဘောကျဟန်မတူ။

"သားရဲ့ ပါးစပ်က ဒီစကားမျိုးထွက်လာတာ ဖေဖေအံ့သြတယ်။ သားပဲ စဉ်းစားကြည့်လေ၊ အောင်ခန့်က ဖေဖေတို့ကို စော်ကားခဲ့တာတွေ"

"ဒါတွေက ပြီးခဲ့ပြီပဲဖေဖေ"

"မပြီးသေးဘူးသား၊ မပြီးသေးဘူး။ ဒီရန်စဟာ တစ်ယောက်ယောက် အသက်ဆုံးရှုံးတဲ့နေ့ကျမှ နိဂုံးချုပ်မှာ။ ထားပါလေ ဒါကို။ သားကို ပြောစရာရှိတယ်ဆိုတာမှာ ဒါက အကြောင်းမဟုတ်ပါဘူး။ အကြောင်းက အောင်ခန့်ရဲ့ သမီးနဲ့ ပတ်သက်တယ်"

"ခင်ခင်ကြီးလား ဖေဖေ"

မောင်မောင်ဦး၏ခေါင်းမှာ ထောင်ထလာသည်။ စိတ်စောစွာဖြင့် ဖခင်ဖြစ်သူ၏မျက်နှာကို မော့ကြည့်သည်။

"ဟုတ်တယ်။ ဒီကလေးမကို သား စိတ်ဝင်စားနေဆဲပဲသား"

"ဘာဖြစ်လို့ မေးတာလဲ ဖေဖေ"

"တကယ်လို့ သားကသာ သူ့ကို စိတ်ဝင်စားနေမယ်ဆိုရင် အခုလို အချိန်မှာ သားလက်ဖျစ်တစ်ခါတီးလိုက်ရုံနဲ့ သူဟာ သားရဲ့ ခြေရင်းမှာ ဝပ်စင်းစေနိုင်တဲ့ အခွင့်အရေး မျိုး ရှိနေတယ်သား"

ထိုစကားကို မောင်မောင်ဦး မယုံနိုင်သလို ခေါင်းကို ယမ်းခါပြသည်။

"မဖြစ်ပါဘူး ဖေဖေ၊ ခင်ခင်ကြီးဟာ ဖေဖေထင်သလို ပျော့ညံ့တဲ့ မိန်းကလေး အမျိုးအစား မဟုတ်ဘူး။ နောက်တစ်ခုကလည်း သူဟာ ကျွန်တော့်ကို သိပ်မုန်းနေတယ် ဖေဖေ"

"မုန်းစမ်းပါစေ။ အဲဒီလိုမုန်းလေ အလုပ်ရလွယ်ကူလေပဲပေါ့ ။ မရနိုင်တဲ့ အရာကို ရအောင်ယူလို့ရတာဟာ တန်ဖိုး အရှိဆုံးပေါ့။ ဒီလိုရှိတယ်သားရဲ့။ ဒီကလေးမဟာ ဘယ်နည်းနဲ့မဆို သူ့ကိုယ်ထက် သူ့အဖေရဲ့ အသက်ကို အလဲအလှယ်လုပ်ဖို့"

"တော်ပါတော့ ဖေဖေ"

ဦးကောင်းမိုး၏ စကားမဆုံးမီ မောင်မောင်ဦး ဖြတ်အော်လိုက်သည်။ သူသည် ဖခင်ဖြစ်သူအား မကျေနပ်နိုင်သလို စိုက်ကြည့်သည်။

စင်စစ် သည်နည်းလမ်းကို ဖေဖေနှင့် အနေကြာခဲ့ပြီဖြစ်၍ မောင်မောင်ဦး နားလည်နေသည်။ သဘောပေါက်နေသည်။ ထိုနည်းမျိုးဖြင့် အသက်ဆုံးရှုံးခဲ့ရသူပေါင်းလည်း များလှလေပြီ။ ကိုယ်ခန္ဓာ နွမ်းနယ်ပျက်စီးခဲ့ရသူတို့လည်း မနည်းတော့။

"အဲဒီနည်းမျိုးကိုသုံးမှ ခင်ခင်ကြီးကို ရမယ်ဆိုရင် ကျွန်တော်ဘယ်တော့မှ မယူဘူးဖေဖေ။ ခင်ခင်ကြီးရဲ့ ကိုယ်ခန္ဓာကို ကျွန်တော် အပိုင်လိုချင်တာ မဟုတ်ဘူး။ သူ့အသည်းနှလုံးကလာတဲ့ ချစ်မေတ္တာကိုသာ ယူချင်တာ။ ပြောရမယ် ဆိုရင်တော့ ကျွန်တော်နဲ့ ခင်ခင်ကြီးဟာ ဖေဖေထင်သလို သိပ်ပြီး သူစိမ်းဆန်တဲ့လူတွေ မဟုတ်ကြပါဘူး ဖေဖေ"

"အို... ချစ်ခြင်းမေတ္တာတို့ ဘာတို့ဆိုတာကို ထားစမ်းပါ။ ဒါဟာ ပါးစပ်ရှိတဲ့ လူတိုင်း ပြောလို့ရတာမျိုးပဲ"

"မဟုတ်ဘူး ဖေဖေ၊ မဟုတ်ဘူး။ ပါးစပ်ရှိတိုင်း ဒီစကားမျိုးကို ပြောနိုင်တာတော့ မှန်တယ်။ ဒါပေမဲ့ မပြောနိုင်တဲ့ အခါမျိုးတွေလည်းရှိတယ်"

ဆက်လက်ဖော်ပြပါမည်။

**"သူဟာ အင်္ဂလိပ်သူလျှို ဟုတ် မဟုတ်ဆိုတာ သူလုပ်တဲ့အလုပ်တွေအပေါ်မှာ မတည်ဘူး။ ဖေဖေအပေါ်မှာ တည်နေတယ်။ ဖေဖေ့ပါးစပ်က သူ့ကို အင်္ဂလိပ်သူလျှိုဆိုရင် သူဟာ အင်္ဂလိပ်သူလျှိုပဲ။ ဖေဖေက မဟုတ်ပါဘူးဆိုရင် မဟုတ်ဘူးပေါ့။ ဒီလိုခြေအနေမျိုးရှိတယ်သား။ ဆိုပါတော့ကွယ်။ သူ့ရဲ့ အသက်ဟာ ဖေဖေလက်ထဲမှာ ရှိနေတယ်"**

**"ယခုအခါမှာတော့ ဖေဖေဟာ သူ့ကို နိုင်ကွက်ကိုင်ထားတာပဲသား၊ အနှစ်နှစ် အလလက တေးခဲ့ငြိုးခဲ့သမျှကို ဒီနေရာမှာ လက်စားချေချင်ရင် ချေနိုင်ခွင့်ရနေပြီ"**

**"ဖေဖေ့မှာ အခုထက်ထိ ဒီစိတ်မျိုးရှိတုန်းပဲလားဖေဖေ။ အခြေအနေတွေက ပြောင်းခဲ့ပါပြီဖေဖေရယ်။ ခေတ်တွေလည်း ပြောင်းခဲ့ပြီပဲ။ အရင်က စိတ်ထားတွေကိုလည်း ပြောင်းဖို့ကောင်း..."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မိမိ၏ နေထိုင်မှုပုံစံအမှား၊ အသံတိတ်လူသတ်သမားရန်ကို ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဖြင့် ကာကွယ်ပါ

ဒေါက်တာမြတ်မိုး

သတင်းအချက်အလက်တွေအရ ကမ္ဘာ့လူသားတွေမှာ ရောဂါဘယ မျိုးစုံခံစားကြရပြီး သက်တမ်းစေ့မနေကြရဘဲ သေဆုံးနေကြရပါတယ်။ ကူးစက်ရောဂါကြောင့် မဟုတ်တဲ့ရောဂါ (Non communicable diseases– NCDs) ကြောင့် သေဆုံးမှုအရေအတွက်ဟာ နှစ်စဉ် ၄၁ သန်းခန့်အထိ ရှိနေတယ်လို့ သိရပါတယ်။

ဒီအရေအတွက်ဟာ ရောဂါကြောင့် သေဆုံးမှုအားလုံးရဲ့ ၇၁ ရာခိုင်နှုန်းအထိ ရှိတယ်လို့ ဆိုကြပါစို့။ NCDs ကြောင့် သေဆုံးနေကြရာမှာ သေဆုံးမှုအားလုံးရဲ့ ၁၅ သန်းကျော်ဆိုတဲ့ အရေအတွက်ဟာ အလုပ်လုပ်နိုင်တဲ့အရွယ် အသက် (၃၀) နဲ့ (၆၉) နှစ်ကြားမှာရှိနေပြီး ၇၇ ရာခိုင်နှုန်းခန့်ကတော့ အလယ်အလတ်နဲ့ ဆင်းရဲတဲ့နိုင်ငံတွေက ဖြစ်နေတာတွေ့ရပါတယ်။ NCDs ဖြစ်ရတဲ့အကြောင်းရင်းတွေဟာ အဓိကရောဂါတွေဖြစ်တဲ့ နှလုံးသွေးကြောရောဂါတွေကြောင့် သေဆုံးမှုက ၁၇ ဒသမ ၉ သန်းနဲ့အများဆုံး၊ ကင်ဆာကြောင့်က ၉ ဒသမ ၃ သန်း၊ ပန်းနာရင်ကျပ်အဆုတ်ရောင် စတဲ့အသက်ရှူလမ်းကြောင်းရောဂါတွေကြောင့် ၄ ဒသမ ၁ သန်းနဲ့ ဆီးချိုကြောင့် ၁ ဒသမ ၅ သန်းစသည်ဖြင့် အစဉ်လိုက်ရှိနေပါတယ်။

### သေဆုံးရခြင်းအကြောင်းရင်း NCDs ရောဂါလေးခု

ရောဂါကြောင့် သေဆုံးရခြင်းအကြောင်းရင်းတွေကို ပိုးမွှားကြောင့် ကူးစက်ပြီး ပိုးဝင်ရောဂါတွေနဲ့ မကူးစက်တတ်တဲ့ ရောဂါတွေဆိုပြီး နှစ်ပိုင်းခွဲနိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းပိုးဝင်တာ၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှော၊ HIV စတဲ့ ရောဂါတွေဟာ ရောဂါပိုးဝင်လို့ ဖြစ်ရတဲ့ ကူးစက်ရောဂါတွေဖြစ်ပြီး ရောဂါပိုးမွှားဝင်ရောက်တာကြောင့် မဟုတ်တဲ့ သွေးတိုး၊ ဆီးချို၊ လေဖြတ်၊ နှလုံးနဲ့ကင်ဆာရောဂါတွေ စတဲ့ နာတာရှည်ရောဂါတွေကိုတော့ မကူးစက်တတ်တဲ့ရောဂါတွေ အုပ်စုမှာ ထည့်သွင်းသတ်မှတ်ထားပါတယ်။

> **အထူးသဖြင့် နည်းပညာမြင့်လာတဲ့ခေတ်ကြီးမှာ အရာရာစက်ပစ္စည်းတွေသာအားကိုး၊ တီဗွီရှေ့အကြာကြီးထိုင်၊ ကွန်ပျူတာ၊ အင်တာနက် ကြာရှည်သုံး၊ အထိုင်များပြီး စာဖတ်စကားပြောတာ စတဲ့ sedentary lifestyle တွေကို သတိထားပြုပြင်ရှောင်ကြဉ်ရပါမယ်။ လမ်းလျှောက်၊ စက်ဘီးစီးသွားလာသင့်တဲ့အခြေအနေတွေမှာ မော်တော်ယာဉ်ကိုသာ အသုံးများလာကြတဲ့အတွက် ကိုယ်လက်လှုပ်ရှားအားကစားမှု အသင့်အတင့် (ဒါမှမဟုတ်) အလယ်အလတ် (ဒါမှမဟုတ်) ပြင်းထန်တဲ့အမျိုးအစား တစ်ခုခုကို အချိန်ယူ၊ အသက်အရွယ်ပေါ်မူတည်ပြီး ပြုလုပ်စေချင်ပါတယ်**

ဆိုလိုတာက နှလုံး၊ သွေးတိုး၊ ကင်ဆာ၊ အသက်ရှူလမ်းကြောင်းနဲ့ ဆီးချိုရောဂါတွေပါဝင်တဲ့ ဒီရောဂါအုပ်စုကြီးလေးခုဟာ ကမ္ဘာမှာ ရောဂါကြောင့် လူ့အသက်သေဆုံးရမှုအားလုံးရဲ့ အဓိကတရားခံတွေ ဖြစ်တယ်ဆိုတာ သတိပြုမိစေဖို့ဖြစ်ပါတယ်။ မကူးစက်တတ်တဲ့ရောဂါတွေကြောင့် သေဆုံးမှုအားလုံးရဲ့ ၈၁ ရာခိုင်နှုန်းဟာ ဒီရောဂါလေးခုကြောင့် အဓိကဖြစ်ရတယ်ဆိုတော့ ဒီရောဂါတွေဟာ ဘယ်လောက် အရေးကြီးတယ်၊ ဘယ်လောက်ဆိုးရွားတယ်၊ ဒီရောဂါတွေမဖြစ်အောင် ဘယ်လိုကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့ အချက်တွေဟာ အလွန်ကို အရေးကြီးလာပြီဖြစ်ပါတယ်။

### မကူးစက်တတ်တဲ့ ရောဂါများဖြစ်ပွားမှုအပေါ် လွှမ်းမိုးနေသော အချက်များ

ကျန်းမာရေးဆိုင်ရာနဲ့ မသင့်လျော်တဲ့ နေ့စဉ်အပြုအမူ၊ အနေအထိုင်၊ အစားအသောက်ပုံစံတွေဟာ ကူးစက်ခြင်းကြောင့် မဟုတ်တဲ့ ရောဂါတွေနဲ့ ဆက်စပ်မှုအလွန်ရှိနေတာ ငြင်းမရပါဘူး။ ဆေးလိပ်သောက်တာ၊ ခန္ဓာကိုယ်လက်လှုပ်ရှားထကြွမှု နည်းပါးလွန်းတာ၊ အန္တရာယ်ရှိလောက်အောင် အရက်သောက်၊ အရက်စွဲတာ၊ ကျန်းမာရေးနဲ့ မညီညွတ်ဘဲ မသန့်ရှင်းတဲ့ အစားအစာတွေစားသုံးတာ စတဲ့ မကောင်းတဲ့ အလေ့အထတွေဟာ မကူးစက်တတ်တဲ့ရောဂါတွေနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဒီလို နာတာရှည်ရောဂါတွေအပေါ် မျိုးရိုးဗီဇ၊ ဇီဝကမ္မ၊ ဥတုရာသီအလိုက် စတဲ့အချက်တွေက လွှမ်းမိုးဆက်စပ်နေပေမယ့် ကာကွယ်ထိန်းချုပ်နိုင်တဲ့အပိုင်းကနေ ကြည့်ရင် လူတွေရဲ့နေ့စဉ်နေမှုထိုင်မှု စားသောက်မှုအပြုအမူတွေက ပိုပြီး အဓိကကျတာကို တွေ့ရပါလိမ့်မယ်။

ကမ္ဘာပေါ်မှာ NCDs ကြောင့် သေဆုံးမှုအရေအတွက်အားလုံးရဲ့ သုံးပုံနှစ်ပုံဟာ ဝင်ငွေအလယ်အလတ် ဒါမှမဟုတ် ဝင်ငွေနိမ့်ပါးလွန်းတဲ့ နိုင်ငံတွေက ဖြစ်တယ်ဆိုတာကိုလည်း တွေ့ရပြန်ပါတယ်။ ဒါဆိုရင် အခုလို ဖြစ်ပွားမှုများပြားနေတဲ့ NCDs ပြဿနာတွေအပေါ် နိုင်ငံရဲ့ အသုံးစရိတ်နဲ့ဆင်းရဲချမ်းသာမှု၊ လူတွေရဲ့ဝင်ငွေနဲ့ လူမှုရေးအဆင့်အတန်း၊ ပညာရေးနိမ့်ကျမှု၊ ရေသန့်ရှင်းမှုနဲ့ လေထုညစ်ညမ်းမှု၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့လုပ်ငန်းခွင်၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာတွေနဲ့ စိတ်ဖိစီးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေအပေါ် လူတွေ ဘယ်လောက်လက်လှမ်းမီသလဲ စတဲ့အခြေအနေများစွာကလည်း သက်ရောက်ဆက်စပ်မှုရှိနေနိုင်တာ လေ့လာဆန်းစစ်ကြည့်လို့ ရပါတယ်။

### တစ်ကိုယ်ရေအပြုအမူမှားများကြောင့် သေဆုံးနေရတဲ့ပမာဏ

ဘာပဲဖြစ်ဖြစ် NCDs ကို ကာကွယ်ထိန်းချုပ်နိုင်တဲ့ အဓိကအကျဆုံး၊ လက်တွေ့အကျဆုံးကတော့ လူတွေရဲ့တစ်ကိုယ်ရေအပြုအမူတွေပဲ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ အချက်အလက်တွေအရတော့ ကမ္ဘာမှာ နှစ်စဉ် လူပေါင်း ၇ ဒသမ ၂ သန်းခန့် သေဆုံးနေတဲ့အရေအတွက်ဟာ ဆေးလိပ်သောက်သုံးမှုနဲ့ ဆက်နွှယ်ပတ်သက်နေပြီး မိမိစားသောက်တဲ့အစားအစာမှာ အငန်ဓာတ်ကို လွန်လွန်ကြူးကြူး ထည့်စားသုံးမိလို့ သေဆုံးနေရတာကလည်း နှစ်စဉ် ၄ ဒသမ ၁ သန်းခန့်ရှိတယ်လို့ သိရပါတယ်။ နှစ်စဉ် သေဆုံးမှု ၃ ဒသမ ၃ သန်းခန့်ဟာ အရက်နဲ့ကင်ဆာကြောင့်ဖြစ်နေပြီး ၁ ဒသမ ၆ သန်းကတော့ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလွန်းတာရယ်၊ အဝလွန်တာရယ်ကြောင့် ဖြစ်နေပါတယ်။ ထိုကိန်းဂဏန်းတွေဟာ မိမိတို့ကိုယ်တိုင် မဆင်မခြင်ပြုမူမိတဲ့ မကောင်းတဲ့ အပြုအမူမှားတွေရဲ့ ရလဒ်တွေအဖြစ် ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။

တစ်ခါ ထိုမကောင်းတဲ့အပြုအမူတွေရဲ့သက်ရောက်မှုတွေကပဲ လူ့ခန္ဓာအတွင်းမှာ အန္တရာယ်များတဲ့ ဓာတုဇီဝဖြစ်စဉ်တွေကို ဖြစ်ပေါ်စေပြန်ပါတယ်။ ကိုယ်အလေးချိန်တိုးလာပြီး အဝလွန်တာ၊ သွေးဖိအားတက် သွေးတိုးလာတာ၊ ပုံမှန်ထက် သွေးတွင်းအဆီဓာတ်များတာနဲ့ သွေးတွင်းအချိုဓာတ်များတာ စတဲ့ ဇီဝပြောင်းလဲမှုတွေဟာ ကျန်းမာရေးပြဿနာများစွာနဲ့အတူ ကျန်းကျန်းမာမာနေရမယ့် လူတွေရဲ့ သက်တမ်းကို များစွာတိုတောင်းသွားစေပါတယ်။ နှစ်စဉ် ရောဂါတွေကြောင့် သေဆုံးနေမှုအားလုံးရဲ့ ၁၉ ရာခိုင်နှုန်းဟာ သွေးတိုးရောဂါတစ်ခုတည်းကြောင့်ဖြစ်နေတာဟာ သာဓကတစ်ခုပဲဖြစ်ပါတယ်။

### မလှုပ်မရှားကြာရှည်ထိုင်ရတဲ့ sedentary lifestyle ကိုရှောင်ပါ

အထက်ပါကိန်းဂဏန်းတွေနဲ့ဆက်စပ်နေတဲ့ အချက်အလက်တွေကိုကြည့်ရင် ကူးစက်တာကြောင့်မဟုတ်တဲ့ ရောဂါအများစုဟာ မဖြစ်အောင်ကြိုတင်ကာကွယ်လို့ရတယ်။ နီးနီးကပ်ကပ်ဆက်စပ်နေတဲ့ မိမိတို့ရဲ့နိစ္စဓူဝအပြုအမူတွေကို သတိထားနေထိုင်စားသောက်နေရုံမျှနဲ့ ရောဂါဖြစ်ပွားမှု နည်းပါးသွားနိုင်တယ်။ မလှုပ်မရှားအထိုင်များလို့ ရောဂါရပြီး သေနိုင်တယ်ဆိုရင် လှုပ်ရှားပေးရမှာပဲဖြစ်တယ်။ မလှုပ်မရှားဘဲ အထိုင်မများပါနဲ့လို့ ပညာပေးရမှာပဲဖြစ်ပါတယ်။

**အထူးသဖြင့် နည်းပညာမြင့်လာတဲ့ခေတ်ကြီးမှာ အရာရာစက်ပစ္စည်းတွေသာအားကိုး၊ တီဗွီရှေ့အကြာကြီးထိုင်၊ ကွန်ပျူတာ၊ အင်တာနက် ကြာရှည်သုံး၊ အထိုင်များပြီး စာဖတ်စကားပြောတာစတဲ့ sedentary lifestyle တွေကို သတိထားပြုပြင်ရှောင်ကြဉ်ရပါမယ်။ လမ်းလျှောက်၊ စက်ဘီးစီးသွားလာသင့်တဲ့အခြေအနေတွေမှာ မော်တော်ယာဉ်ကိုသာ အသုံးများလာကြတဲ့အတွက် ကိုယ်လက်လှုပ်ရှားအားကစားမှု အသင့်အတင့် (ဒါမှမဟုတ်) အလယ်အလတ် (ဒါမှမဟုတ်) ပြင်းထန်တဲ့အမျိုးအစားတစ်ခုခုကို အချိန်ယူ၊ အသက်အရွယ်ပေါ် မူတည်ပြီး ပြုလုပ်စေချင်ပါတယ်။**

**တစ်နေ့ကို ခုနစ်နာရီခန့်အထက် အထိုင်များတဲ့သူ၊ အသက် (၆၅) နှစ်အထက် သက်ကြီးတွေမှာဆိုရင် တစ်နေ့ ၁၀ နာရီခန့်အထိ အထိုင်များပြီး လဲလျောင်းနေရပြီဆိုရင်ကို ကျန်းမာရေးအတွက် စိတ်ချရတဲ့ အခြေအနေတစ်ရပ်မှာ မရှိနိုင်တော့ပါဘူး။ မိမိကိုယ်တိုင်ပြုမူနေထိုင်မှုပုံစံအမှားက အသံတိတ်လူသတ်သမားတစ်ယောက်အဖြစ်နဲ့ မိမိအသက်အန္တရာယ်ကို ခြိမ်းခြောက်နေတယ်ဆိုတာ သတိပြုဖို့လိုပါတယ်။ ငယ်ရွယ်သူတွေအတွက်တော့ အေရိုးဗစ်ကဲ့သို့ ပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေကို နေ့စဉ် မိနစ် ၆၀ ခန့် ကစားခြင်း (တစ်ပတ်လျှင် မိနစ် ၃၀၀ ခန့်)၊ အသက်အရွယ်ကြီးသူတွေအတွက်တော့ နေ့စဉ် မိနစ် ၃၀ ခန့် (တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့်) လမ်းလျှောက်တာ၊ စက်ဘီးစီးတာ စတဲ့လှုပ်ရှားမှုတွေဟာ ကျန်းမာရေးအကျိုးကျေးဇူးများစွာရပါတယ်။ တစ်ပတ် ငါးရက်လောက်ဆိုရင်ကို အဆင်ပြေပါတယ်။ အပတ်စဉ် မိနစ် ၁၅၀ ခန့် ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုလုပ်သူတွေဟာ မလုပ်သူတွေထက်စာရင် ၃၃ ရာခိုင်နှုန်းခန့် ပိုပြီးသေဆုံးနိုင်တဲ့ အတိုင်းအတာတစ်ခုထိ လျော့နည်းသွားတယ်လို့ လေ့လာချက်တွေအရ သိရှိရပါတယ်။**

ကင်ဆာစတဲ့ နာတာရှည်ရောဂါသည်တွေအတွက်ရော၊ မသန်စွမ်းသူတွေအတွက်ရော မျှတလိုက်ဖက်တဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ လိုအပ်ပါတယ်။ ပျော်စရာကောင်းတဲ့ လေ့ကျင့်ခန်းအမျိုးအစားတွေကိုလည်း ဖန်တီးယူလို့ရပါတယ်။ ရည်မှန်းချက်တစ်ခုတော့ ရှိသင့်တာပေါ့၊ ခေတ်မီ Mobile app: တွေသုံးပြီး health watch နဲ့ စောင့်ကြည့်မှတ်တမ်းတင်မှုမျိုးနဲ့ မိမိရဲ့ကျန်းမာရေးအတွက် ရောက်ရမယ့် ပန်းတိုင်ကို ဆန်းစစ်နိုင်ပါတယ်။ **စာမျက်နှာ ၂၅ သို့** ❂



✪ စာမျက်နှာ ၂၄ မှ

### နှလုံးသွေးကြောကျန်းမာရေးနဲ့အတူ ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေတဲ့အချက်များစွာ

**သင့်ကိုယ်သင် နှလုံးရောဂါဖြစ်မှာ ပူပန်နေပါသလား၊ သွေးတိုးလို့ စိတ်ညစ်နေပါသလား၊ သွေးထဲမှာ လိုအပ်တဲ့အဆီတွေနည်းနေပြီး အကျိုးမပြုတဲ့ အဆီတွေများနေလို့ စိုးရိမ်နေပါသလား၊ လေဖြတ်မှာ ဆီးချိုဖြစ်မှာ ကင်ဆာဖြစ်မှာ အရိုးကျိုးမှာ ကြောက်နေပါသလား၊ စိုးရိမ်သောကရောက်နေရတဲ့ မိမိကျန်းမာရေးအတွက် အဖြေဟာ မိမိကိုယ်တိုင်မှာသာရှိပါတယ်၊ ပုံမှန်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း လုပ်ဖို့ အချိန်နှောင်းတယ်ဆိုတာမရှိပါဘူး။ ကိုယ်လက်လှုပ်ရှားမှုတွေကနေရတဲ့ အကျိုးကျေးဇူးတွေက များမှများလို့ မလုပ်တာထက်စာရင် လုပ်လိုက်တာက ပိုကောင်းပါတယ်။**

ကိုယ်လက်လှုပ်ရှားမှုတိုင်းဟာ ကြွက်သား၊ အရိုး၊ အဆစ်တွေကို အားကောင်းသန်မာစေပါတယ်။ ခံနိုင်ရည်စွမ်းအားကိုမြှင့်တင်ပေးပါတယ်။ လှုပ်ရှားမှုတစ်ခုဟာ အောက်ဆီဂျင်နဲ့ အာဟာရဓာတ်တွေကို တစ်သျှူးတွေဆီပို့ပေးတဲ့အတွက် သွေးလည်ပတ်မှုပိုကောင်းလာစေပြီး နှလုံးသွေးကြောကျန်းမာရေးကိုအထောက်အကူပြုလို့ နှလုံးနဲ့ အဆုတ်ကို အားကောင်းစေပါတယ်။ အနည်းဆုံးတော့ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းပြီးသားဖြစ်ပါမယ်။ ပြင်းပြင်းထန်ထန်လေး လှုပ်ရှားနိုင်ရင်တော့ မလိုအပ်တဲ့ ကယ်လိုရီလောင်ကျွမ်းမှု ပိုများပြီး ကိုယ်ရောက်ချင်တဲ့ အလေးချိန်ပမာဏတစ်ခုကို ရရှိသွားပါတယ်။

#### သွေးတိုးနဲ့ဆီးချိုကာကွယ်ရာမှာလည်းအထောက်အကူပြု

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေကြောင့် ခန္ဓာကိုယ်အလေးချိန်ကို ပုံမှန်ထိန်းထားနိုင်တဲ့ အနေအထားကတစ်ဆင့် သွေးတိုးနဲ့ ဆီးချိုရောဂါကို ကာကွယ်ကုစားရာမှာ ဘယ်လို အထောက်အကူပြုသလဲ လေ့လာကြည့်တဲ့အခါ ပုံမှန်အေရိုးဗစ်လေ့ကျင့်ခန်းတစ်ခုလုပ်ပြီး ခဏနားနေစဉ် သွေးဖိအားကိုပြန်တိုင်းတာရာမှာ မူလသွေးဖိအားကနေ ၅ mmHG မှ ၇ mmHG အထိ ကျဆင်းသွားစေတယ်လို့ မှတ်သားရပါတယ်။ ဆီးချိုရောဂါဆိုရင်လည်း အကျိုးအကြောင်းညီညွတ်ပါတယ်။ ပုံမှန်လေ့ကျင့်ခန်းတွေက ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချပေးပြီး အဆီထုထည်ပမာဏကိုပါ လျော့ကျသွားစေတဲ့အပြင် အင်ဆူလင်ရဲ့တုံ့ပြန်နိုင်မှုကိုပါ ထိန်းညှိပေးနိုင်တာကြောင့် ဆီးချိုအမျိုးအစား ၂ ကို ကုသရာမှာရော မဖြစ်အောင်ကာကွယ်မှုမှာပါ အကျိုးရှိစေပါတယ်။ ထို့ပြင် ကြွက်သားလေ့ကျင့်ခန်းတွေကြောင့် အရိုးကြွက်သားတွေသန်မာလာပြီး ကလေးငယ်တွေရဲ့ သွားတွေကိုလည်း ပိုမိုခိုင်မာကျန်းမာလာစေတယ်ဆိုတာ တွေ့ရှိရပါတယ်။

#### ကင်ဆာအရိုးအဆစ်ကြွက်သားနဲ့ အရေပြားကျန်းမာရေးကိုလည်း ကူညီပေး

ဆီးချို၊ သွေးတိုးရောဂါတွေအတွက်သာမကပါဘူး၊ တချို့သော ကင်ဆာရောဂါတွေ အူမကြီး၊ ရင်သား၊ အဆုတ်၊ သားအိမ်၊ သည်းခြေ၊ ကျောက်ကပ်၊ အသည်း၊ ပန်ကရိယ၊ ဆီးကျိတ်၊ လည်ပင်းအကျိတ်၊ အစာအိမ်နဲ့ အစာရေမြိုကင်ဆာတွေ ဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးတယ်လို့ဆိုပါတယ်။ အသက်အရွယ်ရလာပြီဆိုရင် မိမိရဲ့အရိုးအဆစ်၊ ကြွက်သားတွေ အားနည်းချို့ယွင်းလာပြီး လှုပ်ရှားမှုတွေလည်း နှေးကွေးလေးလံလာတတ်တာ ဓမ္မတာပါပဲ။ ဒါကို ကာကွယ်ပေးမှာက အရိုးရဲ့သိပ်သည်းမှု များစွာလျော့နည်းမသွားအောင် ကူညီပေးတဲ့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေကလွဲပြီး အခြားမရှိပါဘူး။

အထူးသဖြင့် သက်ကြီးအရွယ်တွေမှာ ပိုပြီးစိုးရိမ်ရတာတစ်ခုရှိပါတယ်၊ ချော်လဲတတ်ခြင်းနဲ့အရိုးကျိုးခြင်းအန္တရာယ်ပါ။ ဒီအန္တရာယ်ကိုလည်း မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ သက်တမ်းတစ်လျှောက် ပုံမှန်ပြုလုပ်ပေးနေတဲ့ ကြွက်သားလေ့ကျင့်ခန်းတွေကတစ်ဆင့် ကြွက်သားနဲ့အဆစ်တွေ သန်မာလာပြီး ဟန်ချက်ညီစေတဲ့အတွက် အဘိုးအဘွားတွေအနေနဲ့ ချော်လဲချော်ကျအန္တရာယ်နဲ့ အဖြစ်များလှတဲ့ ပေါင်ရင်းရိုးကျိုးဖြစ်နိုင်ခြေက ကင်းဝေးသွားနိုင်တယ်လို့ ဆိုပါတယ်။

အေရိုးဗစ်အကနဲ့ အားပါတဲ့ကြွက်သားလေ့ကျင့်ခန်းတွေ၊ ပြေးတာ၊ ခုန်တာစတဲ့ အားကစားနည်းတွေက အရိုး၊ အဆစ်၊ ကြွက်သားတွေကို သန်မာကြံ့ခိုင်စေတဲ့ အပြုသဘော သက်ရောက်မှုတွေရှိကြောင်း လေ့လာတွေ့ရှိချက်တွေ အများအပြားရှိပါတယ်။

> **“သင့်ကိုယ်သင် နှလုံးရောဂါဖြစ်မှာ ပူပန်နေပါသလား၊ သွေးတိုးလို့ စိတ်ညစ်နေပါသလား၊ သွေးထဲမှာ လိုအပ်တဲ့အဆီတွေနည်းနေပြီး အကျိုးမပြုတဲ့ အဆီတွေများနေလို့ စိုးရိမ်နေပါသလား၊ လေဖြတ်မှာ ဆီးချိုဖြစ်မှာ ကင်ဆာဖြစ်မှာ အရိုးကျိုးမှာ ကြောက်နေပါသလား၊ စိုးရိမ်သောကရောက်နေရတဲ့ မိမိကျန်းမာရေးအတွက် အဖြေဟာ မိမိကိုယ်တိုင်မှာသာရှိပါတယ်၊ ပုံမှန်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း လုပ်ဖို့ အချိန်နှောင်းတယ်ဆိုတာမရှိပါဘူး။ ကိုယ်လက်လှုပ်ရှားမှုတွေကနေရတဲ့ အကျိုးကျေးဇူးတွေက များမှများလို့ မလုပ်တာထက်စာရင် လုပ်လိုက်တာက ပိုကောင်းပါတယ်”**

အဆစ်တွေရဲ့ ကျန်းမာကြီးထွားမှုအပေါ် ဘယ်လောက်အထိ သက်ရောက်နိုင်သလဲဆိုရင် အသက်အရွယ်အရ ဖြစ်တတ်တဲ့ ကျီးပေါင်းဖြစ်စဉ်၊ လေးဖက်နာရောဂါတွေကို စောစောစီးစီး မဖြစ်အောင်အထိ ကာကွယ်ပေးထားတယ်လို့ ဆိုပါတယ်။

ပုံမှန်လေ့ကျင့်ခန်းလုပ်တဲ့သူတွေဟာ အခြားရောဂါတစ်ခုခုကြောင့် ဆေးရုံတက်ရရင်တောင် ပြန်လည်သက်သာ နာလန်ထတာမြန်လို့ ဆေးရုံက စောစီးစွာဆင်းရလေ့ရှိတယ်လို့ ဆိုပါတယ်။ ထို့ပြင် လူငယ်၊ လူကြီးမရွေး အရေပြားကျန်းမာရေးကို ကူညီပေးတာကြောင့် အရွယ်မတိုင်မီ နုပျိုပျိုမျစ်ခြင်းကိုလည်း ပေးစွမ်းတယ်လို့ သိရှိရပါတယ်။ အဓိကအကြောင်းရင်းက ကိုယ်လက်လှုပ်ရှားမှုကြောင့် ခန္ဓာဆဲလ်တွေရဲ့ အက်တမ်တွေမှာဖြစ်တဲ့ ဓာတုဖြစ်စဉ်တွေကတစ်ဆင့် အီလက်ထရွန်ဆုံးရှုံးမှုကို ကာကွယ်ပေးတဲ့ အင်တီအောက်ဆီဒင့်တွေ တိုးပွားလာစေတဲ့အကြောင်းရင်းကြောင့်လို့ ဆိုပါတယ်။

#### ရုပ်ပိုင်းသာမက စိတ်ပိုင်းပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်

လှုပ်ရှားမှုတိုင်းက ရုပ်ပိုင်းဆိုင်ရာတစ်ခုတည်းမဟုတ်၊ စိတ်ပိုင်းပြဿနာများစွာကိုလည်း အထိုက်အလျောက်ပြေလျော့စေပါတယ်။ စိတ်ဖိစီးမှု၊ စိုးရိမ်သောက၊ စိတ်ဓာတ်ကျဆင်းမှု စတဲ့ဖိအားတွေအပေါ် သက်ရောက်မှုတွေရှိနေပါတယ်။ ပရိုတင်းအချို့ ထုတ်လုပ်မှုကို အားပေးပြီး ဦးနှောက်အတွင်း ဆီရိုတိုနင်နဲ့ နော်အက်ပီနဖရင်းလို့ ခေါ်တဲ့ ဓာတုဟော်မုန်းပမာဏကို ဦးနှောက်ရဲ့တုံ့ပြန်မှုက တိုးပွားစေတဲ့ အချက်ကြောင့်လို့ ဆိုပါတယ်။ သေချာပါတယ်။

**ဒီအခါမှာ သင့်စိတ်ကြိုက် ပုံမှန်လှုပ်ရှားအားကစားနည်း တစ်မျိုးမျိုးက သင့်ရဲ့ စိတ်ခံစားမှုအပေါ်ဖြေလျှော့မှုပေးပြီး ပျော်ရွှင်မှုတွေပေးလာပါလိမ့်မယ်။ ယုံကြည်မှုတွေ တိုးလာအောင်ပြုလုပ်ပေးပါလိမ့်မယ်။ ပိုပြီးကျန်းမာလာတဲ့ ဦးနှောက်ဆဲလ်တွေကြောင့် အပြုသဘောဘက် ပိုမိုအားသန်စေတဲ့ စဉ်းစားတွေးခေါ်မှုတွေ၊ သင်ကြားသင်ယူမှုတွေ၊ ဆုံးဖြတ်နိုင်စွမ်းတွေ ကောင်းမွန်လာပြီး ညအိပ်ရာဝင်မှာလည်း နှစ်နှစ်ခြိုက်ခြိုက်နဲ့ ကောင်းစွာအိပ်စက်အနားယူနိုင်အောင် ဖန်တီးမှုတွေပေးလာမယ်ဆိုတာ သေချာပါတယ်။**

နောက်ထပ်အားသာချက်တစ်ခုက ဆေးလိပ်သမားတွေ၊ ဆေးလိပ်ဖြတ်ချင်သူတွေအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုတွေက ဆေးလိပ်သောက်ချင်စိတ်ကို လျော့ပါးသွားစေတယ်ဆိုတဲ့ အချက်ပါပဲ။ ဆေးလိပ်သမားတွေအနေနဲ့ မိမိကျန်းမာရေးအတွက် အများကြီး မစဉ်းစားဘဲ မိမိရဲ့နေထိုင်မှုပုံစံသစ်ကို အမြန်ပြောင်းလဲပစ်ဖို့ တပ်လှန့်ပေးလိုက်တာလည်းဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတွေဟာ ကိုယ့်ကျန်းမာရေးအတွက် ဆေးဖိုးအခ မကုန်သင့်တာမကုန်အောင် ကိုယ့်အိတ်ကပ်ထဲက စိုက်ထုတ်သုံးစွဲရတဲ့အဖြစ်ကနေ ကာကွယ်ပေးပါတယ်။ “ကျန်းမာခြင်းသည်လာဘ်တစ်ပါးဖြစ်သည်” ဆိုတဲ့ အဆိုအရ မကျန်းမာသူထက်စာရင် ကျန်းမာသူက ပိုပြီးပျော်ပျော်ရွှင်ရွှင်ရှိလှုပါတယ်။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့လည်း ပြည့်စုံရပါတယ်။ ကျန်းမာခြင်းရဲ့ တန်ဖိုးကို နေထိုင်မကောင်း မကျန်းမာမှဘဲ သိရသလို နောက်ကျပြီးမှ သိတဲ့အသိဟာလည်း တန်ဖိုးမဲ့လှုပါတယ်။ နှလုံး၊ ဆီးချို၊ သွေးတိုးရောဂါတွေကြောင့် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မိမိချစ်တဲ့မိသားစုနဲ့ မခွဲခွာရလေအောင် ကြိုတင်ကာကွယ်လို့ရတဲ့ အခွင့်အလမ်းတွေရှိနေပြီးဖြစ်ပါတယ်။

**မိမိပေါ့ဆမှုကြောင့် တန်ဖိုးရှိတဲ့ မိမိကျန်းမာရေးအတွက် မိမိအိတ်ကပ်ထဲကငွေနဲ့ မတန်မဆရင်းနှီးပြီး ပေးဆပ်နေရတာ မတန်ပါဘူး။ ကိုယ့်အတွက်ရော လူ့အဖွဲ့အစည်းအတွက်ပါ သက်ရှည်ကျန်းမာ စိတ်ချမ်းသာကြရေးအတွက် အချိန်ပေးပြီး ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်ခုခုကိုသာ ပုံမှန်အားထုတ်လုပ်ဖြစ်အောင် လုပ်ကြပါဟူ၍သာ တိုက်တွန်းလိုက်ရပါတယ်။** ။

## ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ခိုင်မာနေသည့် အလေ့ကျပေါက်ပင်မှ ထွက်ရှိသော နေလှည့်စေ့များ မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းကောင်းမွန်လျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၃

ယခုဆောင်းသီးနှံများ ရိတ်သိမ်းချိန်ကာလတွင် ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ခိုင်မာနေသည့် အလေ့ကျပေါက်ပင်များမှ ထွက်ရှိသော နေလှည့်စေ့များသည် မန္တလေးဈေးကွက်အတွင်း၌ ဈေးနှုန်းကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



အဆိုပါနေလှည့်စေ့များသည် အထက်အညာဒေသတွင် ကြက်သွန်ခင်း၊ ငရုတ်ခင်းနှင့် ကုလားပဲခင်းများကြားတွင် အလေ့ကျပေါက်ရောက်နေသော နေလှည့်ပင်များမှ ထွက်ရှိလာကြောင်း၊ ယင်းနေလှည့်စေ့များသည် ယခုအခါ မန္တလေးဈေးကွက်အတွင်းသို့ ပုလဲ၊ ယင်းမာပင်၊ ဝမ်းတွင်း၊ သဲတော၊ သာစည်၊ ပျော်ဘွယ်ဒေသများမှ စတင်ဝင်ရောက်လာကြောင်း၊ ပြီးခဲ့သည့် ကာလတူအချိန်က နေလှည့်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ သာ ရရှိခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးတစ်ဆမြင့်တက်ကာ တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ အထိ ဈေးနှုန်းများကောင်းမွန်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“အရင်ကတော့ အခုလိုဆောင်းသီးနှံတွေ ရိတ်သိမ်းချိန်မှာ ကုလားပဲခင်း၊ ငရုတ်ခင်းနဲ့ ကြက်သွန်ခင်းတွေမှာ အလေ့ကျပေါက်ရောက်နေတဲ့ ဒီနေလှည့်စေ့ပင်တွေဟာ ဖျက်ဆီးခြင်းခံရပေမယ့် အခုအခါမှာတော့ ပြည်ပရောင်းတမ်းဝင်အဖြစ် တရုတ်နိုင်ငံက ဝယ်ယူလာမှုကြောင့် မစိုက်ပျိုးရဘဲ အသုံးပြုနိုင်တဲ့အပင်အဖြစ် ဈေးကွက်အတွင်း ရောက်ရှိလာပြီး ခိုင်မာစွာရပ်တည်လာပါပြီ။ ဈေးကလည်း တစ်ဆကျော်မြင့်တက်နေပြီး ဈေးကောင်းရရှိနေပါတယ်။ ဒါကြောင့် အလေ့ကျပေါက်ပင်ဖြစ်နေတဲ့ နေလှည့်စေ့ပင်ကို အခင်းအဖြစ် အသွင်ပြောင်းပြီး တော့စိုက်ရင် အကျိုးရှိလာမှာပါ။ ပြည်ပပို့ကုန်ဖြစ်နေတဲ့အပြင် ပြည်ပရောင်းတမ်းဝင် ပစ္စည်းတစ်ခုအဖြစ် ရပ်တည်လာတဲ့အတွက် တောင်သူတွေစိုက်ပျိုးသင့်ပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါနေလှည့်စေ့များသည် ဆောင်းရာသီတွင် အထက်အညာဒေသ၌ ထွက်ရှိသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင်လည်း ထွက်ရှိလေ့ရှိကြောင်း၊ ယင်းနေလှည့်စေ့များကို ပြည်တွင်းဈေးကွက်တွင် အသုံးပြုမှုမရှိသလောက်နည်းပါးပြီး တရုတ်ပြည်ဈေးကွက်အတွင်း၌ ဆေးဝါးအဖြစ်ဖော်စပ်ရာတွင် အသုံးပြုရန် တွင်တွင်ကျယ်ကျယ်ဝယ်ယူနေသည့်အတွက် ဈေးကောင်းများရရှိနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သော ကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများ မှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည် ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက် နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒွါဒသမ စစ်ကိုင်းတိပိဋကဆရာတော်၏ အန္တိမအဂ္ဂိဈာပန ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ သဒ္ဓမ္မမာနိတာရုံကျောင်းတိုက် ဦးစီးပဓာနနာယက မုံရွာမြို့ သဒ္ဓမ္မဇောတက သုဇောတာရုံကျောင်းတိုက်နာယက ဒွါဒသမတိပိဋက ဆရာတော်၏ အန္တိမအဂ္ဂိဈာပနကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ သဒ္ဓမ္မဇောတက သုဇောတာရုံကျောင်းတိုက်တွင် ကျင်းပသည်။

အန္တိမအဂ္ဂိဈာပနပူဇာအခမ်းအနားကို အစီအစဉ် နှစ်ပိုင်းခွဲ၍ကျင်းပရာ ပထမပိုင်း အခမ်းအနားကို သဗ္ဗေသင်္ခါရာ အနိစ္စာ အစရှိသော သံဝေဂဂါထာ (၃)ဂါထာရွတ်ပွား၍ ဖွင့်လှစ်သည်။ ထို့နောက် မဟာသုဇောတာရုံကျောင်းတိုက်ကြီး၏ တွဲဖက် ဦးစီးနာယက မတ္တရာဆရာတော်ကြီးထံမှ သရဏဂုံ သီလခံယူဆောက်တည်ကြပြီး ပါမောက္ခချုပ် ဆရာတော်ကြီးမှပေးပို့သော သံဝေဇနိယနှင့် ဥယျောဇနကထာကို ဖတ်ကြားသည်။ ပထမပိုင်းကို အစီအစဉ်



ရှစ်ရပ်ခွဲကျင်းပခဲ့ပြီး ဒုတိယပိုင်းတွင် အစီအစဉ် ခြောက်ရပ်ဖြင့် ကျင်းပခဲ့သည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ကြေးစည် တီး၊ သာသနာ့အလံကိုင်၊ ပန်းအိုးကိုင်၊ ပရိက္ခရာကိုင်၊ ခေတ်ပုံနှင့် ဘွဲ့တံဆိပ်တော်ကိုင်၊ ထီးမိုးနှင့် နတ်ဖြဟ္မာ လေးဦးတို့ခြံရံပင့်ဆောင်ကာ လောင်တိုက်သို့ပို့ဆောင် ကြသည်။ ထိုသို့ပို့ဆောင်ရာတွင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို တပည့်သံဃာများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆွေတော်မျိုးတော်များ၊ ကရုဏာမြင့်မိုရ် အသင်းသားများ၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန် တပည့်ဒါယကာ ဒါယိကာမများ၊ ရဟန်းဒါယကာ ဒါယိကာမများနှင့် တပည့်သံဃာတော်များက အဆင့်ဆင့်ပင့်ဆောင်ကာ လောင်တိုက်တာဝန်ခံ ကရုဏာမြင့်မိုရ်အသင်းသားများထံ ဆရာတော် ရုပ်ကလာပ်ကို အပ်နှံသည်။

ထို့နောက် ဆရာတော်၏ရုပ်ကလာပ်တော်ကို စတီးသံငွေရောင် ခေါင်းတလားတွင် ကရုဏာမြင့်မိုရ် အသင်းသားများက စနစ်တကျပြင်ဆင်၍ အဂ္ဂိဈာပန မီးပူဇော်ခွင့်ပြုရန် ခွင့်တောင်းလျှာရွတ်ဖတ်ပြီး မီးပူဇော်ခဲ့သည်။ မီးပူဇော်စဉ် သံဃာတော်များက အနိစ္စာဝတ သင်္ခါရာ(၃)ဂါထာ ရွတ်ဆိုပွားများကာ အဂ္ဂိဈာပနအစီအစဉ်ပြီးဆုံးသည်။ **လူလေး**

## ဝါးခယ်မမြို့နယ် ကြက်ခြေနီအသင်းခွဲမှဦးဆောင်၍ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

ဝါးခယ်မ ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဦးဆောင် ၍ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန် ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို ယနေ့နံနက် ၇ နာရီခွဲက စက်ရုံလမ်း သံကြိုးတိုင်ရပ်ကွက် မြို့နယ်ကြက်ခြေနီ အသင်းခွဲရုံးရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ ကြက်ခြေနီ အသင်းခွဲ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင် များ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းသား



သင်တန်းသူများက အိုမီခရွန်ရောဂါပိုး ကူးစက်မှု မဖြစ်ပွားစေရေးအတွက် အသိပညာပေးပြောကြားခဲ့ပြီး ပြည်သူ များအား နှာခေါင်းစည်း ၁၀၀၀ ကို(အခမဲ့) ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝါးခယ်မ(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

လယ်ဝေး ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ အချက်များကို ယနေ့နံနက်ပိုင်းက ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနမှ ဝန်ထမ်းများ က အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပေးနှိုးဆော်ရာတွင် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ဗီဇပြောင်း မျိုးကွဲသစ်ဖြစ်သည့် အိုမီခရွန်ကူးစက်ပျံ့နှံ့မှု ရက်ပိုင်းအတွင်း နိုင်ငံအရေအတွက် ပိုမိုများပြားလာပြီး မိမိတို့နိုင်ငံတွင် စတင်တွေ့ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ မြို့နယ်တွင် လည်း ကိုဗစ်-၁၉ ရောဂါ ပြန်လည်ကူးစက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ကို ဆက်လက်ကာကွယ်တားဆီးနိုင်ရေး သတိပြုကြရမည်ဖြစ်သော်လည်း ကြောက်စရာမဟုတ်ကြောင်း၊ မိဘပြည်သူများအနေဖြင့် လူစုလူဝေးရှောင်ခြင်း၊ မလိုအပ်ဘဲ မသွားမလာခြင်း၊ ပြင်ပထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ကို စနစ်တကျ မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေထိုင် ခြင်း စသော စည်းမျဉ်းစည်းကမ်းများကို ဆက်လက်လိုက်နာ ကျင့်သုံးသွားကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အတွဲတစ်တွဲတည်းမှ ကစားသမားနှစ်ဦး ဆက်တိုက် တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ရေပြာဂေါက်ကွင်းတွင် အတွဲတစ်တွဲတည်း ဂေါက်သီးရိုက်ကစားနေသည့် ကစားသမားနှစ်ဦးမှ ကျင်းအမှတ် (၁၆ ) တစ်ကျင်းတည်း၌ ဆက်တိုက် တစ်ချက်တည်း ကျင်းဝင် ( Hole In One ) ရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲ ၁၃၁၀ နာရီအချိန်က နေပြည်တော် ရေပြာဂေါက်ကွင်းတွင် အတွဲတစ်တွဲတည်းမှ ဂေါက်သီးရိုက်ကစားသမား ဦးထင်အောင်ကျော်နှင့် ဦးမြင့်ထွေး တို့သည် ကစားဖော်များဖြစ်သော ဦးခင်မောင်ဝင်း ၊ ဦးမောင်မောင်ကျော် ၊ ဦးအောင်ဇော်ဌေး တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆)တစ်ကျင်းတည်း၌ နှစ်ဦး ဆက်တိုက် တစ်ချက်တည်းကျင်းဝင် ( Hole In One ) ရရှိခဲ့ပါသည်။

ဂေါက်သီးရိုက် ကစားသမား ဦးထင်အောင်ကျော် သည် Titleist. 2 Pro V–1 ဘောလုံးကို Titleist 52° Wedge တုတ်ဖြင့် လည်းကောင်း၊ ဦးမြင့်ထွေး သည် Srixon . 8 ဘောလုံးကို Iron . 9 တုတ်ဖြင့်လည်းကောင်း ကျင်းအမှတ်(၁၆)တွင် အကွာအဝေး( ၁၂၄ )ကိုက်မှ အသီးသီး ရိုက်ကြရာ နှစ်ဦးစလုံး တစ်ချက်တည်းကျင်းဝင် ( Hole In One ) ရရှိခဲ့ကြသည်။


ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ အမှတ် (၁၂၂၇)၊ ဧရိယာ (၂၂'×၄၈')ရှိ မြေကွက်နှင့် တစ်ထပ် ဝါးအိမ်ငယ်တို့ကို ဆက်စပ်စာချုပ်အရ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဟန်စုမောင်(၅/ခဥတ(နိုင်)၀၆၀၈၀၆)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်မူရင်းများ ယူဆောင်လျက် ကျွန်ုပ်ထံသို့၍ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည့်အကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးအောင်နိုင်
LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၂၆)
အမှတ် (၁၀/၁၂)မြေညီ၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
၀၉–၄၄၃၀၄၈၁၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ပါရမီလမ်း၊အမှတ်(၅)၊Golden Parami Comdominium ၊Tower(B)၊Unit (5) ၊4th Floor ၊(၁၈၀၅ • ၂၂)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်မာဆွေ(၁၂/လမန(နိုင်)၀၄၃၈၈၄)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မေရည်စိုးဦး
LL.B.,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၁၁၂)

ဒေါ်အေးမြတ်ကြည်
LL.B
အထက်တန်းရှေ့နေ(စဉ် –၃၉၆၆၈)

FbPage:Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com
☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 5057714
အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၈)လမ်း၊ အမှတ်(၈/B)၊ မြေရင်းခန်း၊ အလျား ၁၂ ၃/၂ ပေx အနံ ၅၀ပေရှိ ဒေါ်အုန်းမြ[၁၂/သဃက(နိုင်)၀၅၄၁၃၀]+၁ အမည်ပေါက်မှတ်သားတည်ရှိသော နှစ်(၆၀) ဂရန်မြေကွက်အား လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ဦးလှသန်း [၁၂/သဃက(နိုင်)၂၀၈၁၁၄]ကိုင်ဆောင်သူနှင့် ၎င်း၏ဇနီးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းကြည်[၁၂/သဃက(နိုင်) ၀၅၄၂၂၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးစုကြည်
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၈၆)
ဖုန်း–၀၉– ၄၃၁၇၁၆၅၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မော်လမြိုင်လမ်း၊ မြေကွက်အမှတ်(၁၇၁)ရှိ အကျယ်အဝန်း အလျား (၄၀)ပေx အနံ(၆၀)ပေမြေကွက်၊ ဦးကျော်ဆွေ [၁၂/မရက(နိုင်) ၁၀၈၉၇၅]အမည်ဖြင့် မှတ်သားတည်ရှိသော ဂရန်မြေအမျိုးအစား မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်နွယ်နွယ်ဝင်း [၁၂/ခရန(နိုင်)၁၁၅၄၆၅]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းထွန်း[၁၂/အလန(နိုင်) ၀၁၃၇၄၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်ကျော်လွင်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၃၄၈၂/၁၂–၁၀–၂၀၁၇)
အမှတ်(၁၂၂၄)၊ ရော(၂၂)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉– ၄၃၀၇၃၆၅၉

(၇–၂–၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)တွင် ဦးမြင့်ကြည် [၁၂/အစန(နိုင်)၀၇၂၂၈၅]၏ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၈)၊ လူနေရပ်ကွက်(၁၉)၊ ကံ့ကော်(၂)လမ်း၊ မြေကွက်အမှတ်(၁၃၇၉)၊ အကျယ် ပေ(၄၀x၆၀)အနက်မှ (ခြေရင်းခြမ်း)၊ အကျယ် ပေ(၂၀x၆၀) ပါမစ်မြေကွက် အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းမှာ အရောင်းအဝယ်မဖြစ်ကြောင်း အများသိစေရန် ပြန်လည်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဦးမြင့်ကြည်မှ မဝယ်လိုတော့၍ ရောင်းချသူ ဒေါ်ယဉ်မို့မို့သိမ့်[၁၂/လမန(နိုင်)၁၃၆၆၂၅]မှ စရန်ငွေ ပြန်လည်ပေးအပ်ပြီး အဆိုပါ မြေကွက်အရောင်းအဝယ် စရန်ပေးစာချုပ်အား နှစ်ဦးနှစ်ဖက် ကြည်ဖြူစွာပယ်ဖျက်၍ အရောင်းအဝယ် မပြုလုပ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အုံးအုံး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၀၆)
အမှတ်(၃၃/ခ)၊ ငွေယမုံလမ်း၊ (၅/၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း–၀၉–၄၅၅၈၇၇၂၁၄

စာအုပ်
စာပေ
လူ့
မိတ်ဆွေ

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


## ဒေးဒရဲမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဗှာနပေါင်းစုံ အလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ဒေးဒရဲ ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ အလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းနှင့် အမျိုးသမီးလွန်ဆွဲအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ ပထမဆုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်း၊ ဒုတိယဆုကို မြို့နယ်ရဲတပ်ဖွဲ့အသင်းကလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ (က)အသင်း၊ ဒုတိယဆုကို တော်ကျိုက်ကျေးရွာအသင်း၊ တတိယဆုကို မြို့နယ်မီးသတ်ဦးစီးဌာနအသင်းတို့ကလည်းကောင်း၊ အမျိုးသားအလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုကို မြို့နယ်ရဲတပ်ဖွဲ့(ခ) အသင်း၊ ဒုတိယဆုကို မြို့နယ်ပညာရေးဌာနအသင်း၊ တတိယဆုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ခ) အသင်း၊ ဂိုးသွင်းအမြန်ဆုံးဆုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းမှ မောင်အောင်စိန်ဖြိုးနှင့် အကောင်းဆုံးဘောလုံးသမားဆုကို မြို့နယ်ရဲတပ်ဖွဲ့(ခ)အသင်းမှ မောင်သီဟကျော်ကလည်းကောင်း ဆုများရရှိခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးမွန်မြတ်သူစိုး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ် များနှင့် တံခွန်စိုက်ဖလားများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အေဇာလင်း(ပြန်/ဆက်)



## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလ တတိယပတ် စတင်လေ့ကျင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလတတိယပတ်တွင် စတင်လေ့ကျင့်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဇန်နဝါရီလက ယှဉ်ပြိုင်ခဲ့သည့် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များအပြီးတွင် ခေတ္တအနားယူကာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြီးခဲ့သည့်နှစ်လယ်ပိုင်းကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တို့ ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲတစ်ခုပြီးတိုင်း ရက်အနည်းငယ်သာအနားယူကာ ပြန်လည်လေ့ကျင့်ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းအနေဖြင့် ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများအနက် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သလို အာရှဖလားနောက်ဆုံးအဆင့်တွင် အုပ်စုအဆင့်မှထွက်ခဲ့ရသော်လည်း အာရှထိပ်သီးဂျပန်နှင့် တောင်ကိုရီးယားတို့ကို ယခင်တွေ့ဆုံမှု များထက် ပေးဂိုးနည်းအောင် ကစားနိုင်ခဲ့ခြင်း၊ အာဆီယံထိပ်သီးဗီယက်နမ်အသင်းကို နှစ်ကြိမ်တိုင်ဦးဆောင်ပြီးမှ သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လကျော်အချိန်ယူပြင်ဆင်သွားမည်ဖြစ်ပြီး အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ခဲ့သည့်အသင်းကိုသာ အခြေခံဖွဲ့စည်းသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနည်းပြချုပ် ဦးတင်မြင့်အောင်သည် ပဏာမကစားသမား ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင်ကစားနေသည့် ဝင်းသိင်္ဂီထွန်းမှာမူ လတ်တလော လာရောက်ပူးပေါင်းနိုင်မည်မဟုတ်ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ခုနစ်ခု ရရှိထားသည်။ (၃၁) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကို လာမည့်မေလအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

သတင်း – ကိုညီလေး

○ ပါးလ်မီးရက်အသင်းမှ

ပွဲကစားချိန် ၁၁၇ မိနစ်မှာရရှိခဲ့တဲ့ ကိုင်ဟာဗက်ဇ်ရဲ့ သွင်းဂိုးနဲ့ ပါးလ်မီးရက်စ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပါးလ်မီးရက်စ်အသင်းကတော့ ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း ပွဲကစားချိန် မိနစ် ၁၂၀ မှာ ဂါစီယာတီဇီရာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

### ပထမဆုံးအကြိမ် ရယူဆွတ်ခူး

ချယ်လ်ဆီးအသင်းဟာ ပါးလ်မီးရက်စ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ကလပ်အသင်းများကမ္ဘာ့ဖလား ချန်ပီယံဆုကို ပြိုင်ပွဲတစ်လျှောက် ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်ယူအသင်းတို့ပြီးရင် ချန်ပီယံလိဂ်ဖလား၊ ယူရိုပါလိဂ်လား၊ ဥရောပစူပါဖလားနဲ့ ကလပ်အသင်းများ ကမ္ဘာ့ဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့ တတိယမြောက်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်တွင်းအင်အားကို တည်ဆောက်ကြမည်

☆ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။

☆ နိုင်ငံရဲ့ ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။

☆ နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာ ရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူ ပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

☆ နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာ မရှိပါဘူး။

☆ နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။

☆ တိုင်းရင်းသား မိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်။

### ယနေ့ ဖတ်စရာ


**မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း တစ်လုံးကို မီးရှို့ဖျက်ဆီး** စာမျက်နှာ » ၁၅

**မိမိ၏ နေထိုင်မှုပုံစံအများ၊ အသံတိတ်လူသတ်သမားရန်ကို ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဖြင့် ကာကွယ်ပါ** စာမျက်နှာ » ၂၄


## ပါးလ်မီးရက်စ်အသင်းကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း ကလပ်အသင်းများကမ္ဘာ့ဖလား ပထမဆုံးအကြိမ်ဆွတ်ခူး

ချယ်လ်ဆီးအသင်းနဲ့ ပါးလ်မီးရက်စ်အသင်းတို့ ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ပါးလ်မီးရက်စ်အသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကလပ်အသင်းများကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ပါးလ်မီးရက်စ်အသင်းတို့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ပွဲကစားချိန် ၃၄ မိနစ်မှာ တိုက်စစ်မှူး လူကာကူရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပါးလ်မီးရက်စ်အသင်းကတော့ ပွဲကစားချိန် ၆၄ မိနစ်မှာရရှိခဲ့တဲ့ ကာဗယ်ကန်တီဗီဂါရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့တာကြောင့် အချိန်ပိုကစားခဲ့ရာမှာတော့ ချယ်လ်ဆီးအသင်းက

စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ◯